**မြဝတီ** နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူ ပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၉)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၇ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အချိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြည်ညို

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



**နေပြည်တော် မေ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ရွှေစည်းခုံစေတီတော်မြတ်ကြီး**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ မေ ၂၇ ရက်)

# ရှေးဟောင်းရေလှောင်ကန်များပြန်လည်ပြုပြင်ခြင်း

သက်ရှိသက်မဲ့အရာအားလုံးအတွက် မရှိမဖြစ်လိုအပ်သည်မှာရေဖြစ်သည်။ ရေအသက်တစ်မနက်ဟု ဆိုသည့်အတိုင်း ရေမရှိပါကလူသားတို့အသက်ရှင်နိုင်မည်မဟုတ်သကဲ့သို့ သစ်ပင်ပန်းမန်များမှာလည်း ရေမရရှိပါကခန်းခြောက်ကာညှိုးနွမ်းသွားမည်ဖြစ်သည်။ လူသားတို့ယဉ်ကျေးမှုထွန်းကားလာသည်မှစ၍ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် ရေရရှိရေးကိုစွမ်းဆောင်ကြိုးပမ်းလုပ်ဆောင်ကြသည်။ ကျေးလက်ဒေသ ရွာတိုင်းတွင် ရေကန်တစ်ခုအနည်းဆုံးရှိအောင်တူးဖော်ကြသည်။ ရေရှိနေ၍လည်းလုပ်ငန်းဆောင်တာများ အားလုံးပြီးမြောက်အောင်မြင်စွာလုပ်ဆောင်နိုင်ကြသည်။

မြန်မာတို့သည် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကိုးကွယ်သူအများစုဖြစ်သည့်အတွက် ကုသိုလ်ကောင်းမှုများ ကိုအမြတ်တနိုးတန်ဖိုးထားလုပ်ဆောင်ကြသည်။ အထူးသဖြင့် ထာဝရပုညဟုဆိုအပ်သော ထာဝရကုသိုလ် ကိုပြုမူဆောင်ရွက်လေ့ရှိသည်။ အမြဲတမ်းကုသိုလ်ဖြစ်နေသောဒါနခြောက်မျိုးကို ထာဝရပုညဟုခေါ်သည်။ ထိုထာဝရကုသိုလ်ခြောက်မျိုးမှာ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်စိုက်ပျိုးလှူဒါန်းခြင်း-အာရာမရောပဒါန။ အရိပ်ရပင်၊ စားသုံးပင်များစိုက်ပျိုးလှူဒါန်းခြင်း-ဝနရောပဒါန။ တံတားခင်း၊ လမ်းဖောက်၍လှူဒါန်းခြင်း-သေတုကာရကဒါန။ ရေချမ်းစင်တည်၍လှူဒါန်းခြင်း-ပပဒါန။ ရေတွင်း၊ ရေကန်၊ ရေမြောင်းတူး၍လှူဒါန်းခြင်း-ဥဒပါနဒါနနှင့်ကျောင်းကန်၊ အဆောက်အအုံလှူဒါန်းခြင်း-ဥပဿယဒါန တို့ဖြစ်ကြသည်။ ရှေးကမင်းနှင့် ပြည်သူတို့သည်လည်းကောင်း၊ ယနေ့ကာလအုပ်ချုပ်သူနှင့်ပြည်သူလူထုတို့သည်လည်း အဆိုပါ ထာဝရ ကုသိုလ်ခြောက်မျိုးကိုဆောင်ရွက်လျက်ရှိသည်။

ရေတွင်း၊ ရေကန်၊ ဆည်မြောင်းတာတမံများကိုအသစ်တူးဖော်ပေးနေသကဲ့သို့ ရှေးခေတ်ကရှိထား ပြီးဖြစ်သောရေတွင်း၊ ရေကန်နှင့်ဆည်တမံတို့ကိုအသစ်တစ်ဖန်ပြန်လည်တည်ဆောက်လျက်ရှိသည်။ ယခု အခါပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ နှင့်ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့်ဒုတိယအဆင့်ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းနိုင် ကြောင်းကို ရုပ်မြင်သံကြားများနှင့်နေ့စဉ်ထုတ်သတင်းစာများတွင်ဖော်ပြထားသည်။ ဆက်သွယ်လှူဒါန်း ရမည့်လိပ်စာနှင့်ဖုန်းနံပါတ်များနှင့် ဘဏ်အကောင့်များကိုလည်းဖော်ပြပေးထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည်မေလ ၂၅ ရက်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေလှောင်ကန်များပြန်လည် ပြုပြင်ဆောင်ရွက်နေသည့်မြကန်ရေလှောင်တမံ၊ ဖျောက်ဆိပ်ပင်ကန်အမှတ်(၁/၂/၃)၊ ဇေယျဝတီ (ဇေယျဝေရီ)ကန်၊ မင်္ဂလာကန်အမှတ်(၃)၊ ရွာဟောင်းကြီးကန်နှင့်ရေတော်မုနိကန်တို့ပြုပြင်ဆောင်ရွက် ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ၂၀၂၃ ခုနှစ် မေလအတွင်း မိုခါမုန်တိုင်းတိုက်ခတ်၍ မိုးရွာသွန်းမှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေကြီးရေလျှံမှုများနှင့် ရှေးဟောင်းဘုရား ပုထိုးစေတီများအတွင်းသို့ရေများဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်မှုကြောင့် သမိုင်းဝင်အမွေအနှစ်များထိခိုက်ပျက်စီးမှုမဖြစ်စေရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရန်လမ်းညွှန်မှုပြုခဲ့သည်။ ထိုလမ်းညွှန်မှုအရ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်းသန့်ရှင်းသာယာလှပစေရေး၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုမရှိစေရန် ရေတွင်း၊ ရေကန်များ၊ ရေဝင် ရေထွက်လမ်းကြောင်းများအား လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာသက္ကရာဇ် ၄၅၀ ခုနှစ်၊ ခရစ်နှစ် ၁၀၈၈ ခုနှစ်၊ ပုဂံခေတ်ရှေးမြန်မာမင်းများလက်ထက်ကတည်းက ကျန်စစ်သား မင်းကြီးတည်ဆောက်ခဲ့သည့် မြကန်ရေလှောင်တမံသို့ရောက်ရှိပြီး "ရေလှောင်တမံများအား ပြုပြင် ထိန်းသိမ်းမှုများဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲစေရေး တာတမံများ၏ခံနိုင်ရည်စံနှုန်းအရည်အသွေးစစ်ဆေးခြင်းများကို အဆင့်အလိုက်စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်တာတမံများကိုသာမက ရေဝင်ရေထွက်မြောင်းများကိုလည်း ကောင်းမွန် အောင်ဆောင်ရွက်ထားရှိရန်လိုအပ်သည့်အတွက် ရေလှောင်တမံများ၊ ရေလှောင်ကန်များအားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက်ဧရိယာတစ်လျှောက်လမ်းကြောင်းများအတွင်း ရေကြောင်း ပိတ်ဆို့မှုမရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေးအသေးစိတ်လေ့လာဆောင်ရွက်သွားရန်လိုကြောင်း" တာဝန်ရှိသူများအား မှာကြားခဲ့သည်။

မိုးရွာသွန်းမှုများပြားပါက ရှေးဟောင်းဘုရားစေတီပုထိုးများအတွင်းသို့ ရေစိမ့်ဝင်မှုများပြားလာပြီး ရှေးဟောင်းအမွေအနှစ်များကို အနည်းနှင့်အများထိခိုက်ပျက်စီးလာစေနိုင်သည်။ ထို့ကြောင့်ရေစီးရေလာ ကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး အဓိကထားဆောင်ရွက်ရန်လိုကြောင်း နိုင်ငံတော် အကြီးအကဲကလမ်းညွှန်မှုပြုထားသည်။ အနှစ်ချုပ်ဆိုရသော် ထာဝရကုသိုလ်ဖြစ်သည့်ရေကန်များ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပြည်သူများအနေဖြင့်လည်း ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း ရေးသားလိုက်ရ ပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါ လျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**နေပြည်တော် မေ ၂၅**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်း ရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့ လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့ လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေး နှိုးဆော်ထားသည်။

(သတင်းစဉ်)

## ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၂၇-၅-၂၀၂၄(တနင်္လာနေ့)

၁။ ၀၈း၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၁၀း၄၆ Master Chef
၃။ ၁၃း၃၀ Live For You
၄။ ၁၅း၀၀ Fighting Music
၅။ ၁၇း၀၀ သွေးချင်းတို့ဌာနေ
၆။ ၁၉း၃၀ International Song
၇။ ၂၁း၄၀ အသံလွှင့်ဇာတ်လမ်း
၈။ ၂၂း၂၀ Good Night Listeners

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ကသာ၊ စိုက်ပျိုးရေး

# ကသာမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၁၁၀၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၁၁၀၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ကသာမြို့နယ်၌ နွေစပါး ၁၁၄၁၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ကြရာ လက်ရှိတွင် ၁၁၀၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ကသာမြို့နယ်မှာ နွေစပါး ၁၁၄၁၉ ဧက စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိမှာ ၁၁၀၇၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီ ရောက်ရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးကိုလေးက ပြောသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ကသာမြို့နယ်၌ နွေစပါးစိုက်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများစိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

ရန်ကုန်၊ ကုန်စည်ပြပွဲ

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဇွန်လအတွင်းကျင်းပမည့် PLEXCONNECT 2024 ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ တက်ရောက်ရန်ဖိတ်ခေါ်

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဇွန်လအတွင်းကျင်းပမည့် PLEXCONNECT 2024 ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ တက်ရောက်ရန် သက်ဆိုင်ရာမှ ဖိတ်ခေါ်ထားကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ သိရသည်။

အဆိုပါ PLEXCONNECT 2024 ပြပွဲကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ Bombay Exhibition Centre ၌ ဇွန်လ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ပြပွဲဖြစ်မြောက်ရေးအတွက် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဌာနနှင့် ပလတ်စတစ်ပို့ကုန်မြှင့်တင်ရေးကောင်စီ (PLEXCONCIL) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းပြပွဲတွင် ပါဝင်ပြသမည့်လုပ်ငန်းပေါင်း ၅၀၀ ကျော်ရှိပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ အဝယ်တော် ၉၀၀ ကျော်၊ Trade Visitor ၂၅၀၀၀ ကျော်နှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်ကာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များကိုလည်း ပြပွဲသို့တက်ရောက်ရန် ဖိတ်ခေါ်ထားကြောင်း၊ မြန်မာနိုင်ငံမှ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ရွေးချယ်ခံရသော အဝယ်တော်များကို လေယာဉ်လက်မှတ်ခ၊ နှစ်ညတာဟိုတယ်တည်းခိုစရိတ်နှင့် Ground Hospitality များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ PLEXCONNECT 2024 ပြပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် www.plexconcil.org/plexconnect နှင့် www.plexconcil.org/plexconnect/buyer-details တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

မြန်မာနိုင်ငံမှ ပြပွဲသို့ တက်ရောက်လိုသူများအနေဖြင့်လည်း Mr.Ruban Hobday (Regional Director)၊ Ruban.hobday@plexconcil.org သို့ တိုက်ရိုက်ဆက်သွယ်ကာ Registration ပြုလုပ်နိုင်မည်ဖြစ်သည်။ ပြပွဲတက်ရောက်မည့်သူ၏ အမည်စာရင်းနှင့် အချက်အလက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အသင်းသားရေးရာဌာန ပြပွဲဌာနစိတ် itpc. umfcci@gmail.com၊ ဖုန်း- ၀၁-၂၃၁၄၃၄၄(လိုင်းခွဲ ၃၀၁)သို့ မိတ္တူပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

တနင်္သာရီ၊ သက်မွေးပညာ

# တနင်္သာရီတိုင်းဒေသကြီး၌ ယခုဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၂၅ ကြိမ်အထိ ဖွင့်လှစ်ရန်လျာထား

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေနှင့် တိုင်းဒေသကြီးခွင့်ပြုငွေတို့ဖြင့် စုစုပေါင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်း ၂၅ ကြိမ်အထိ ဖွင့်လှစ်ရန် လျာထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ တစ်ဦးချင်းဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်ထဲမှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုခွင့်ပြုငွေ၊ တိုင်းဒေသကြီးခွင့်ပြုငွေတို့နဲ့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၂၅ ကြိမ်အထိ ဖွင့်လှစ်ပေးဖို့ လျာထားဆောင်ရွက်နေပါတယ်။ အဲဒီလို သင်တန်းတွေဖွင့်လှစ်ဖို့အတွက် ပြည်ထောင်စုခွင့်ပြုငွေကနေ သင်တန်း ၁၅ ကြိမ်အတွက် စုစုပေါင်း ငွေကျပ် ၅၂ ဒသမ ၅ သန်းခွင့်ပြုပေးထားပါတယ်။ တိုင်းဒေသကြီးခွင့်ပြုငွေကနေ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၁၀ ကြိမ်အတွက် စုစုပေါင်း ငွေကျပ် သန်း ၄၀ ခွင့်ပြုပေးထားပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲခေါင်ကပြောသည်။

ဖွင့်လှစ်ပို့ချမည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများတွင် စက်ချုပ်သင်တန်း၊ လက်သမား၊ ပန်းရန်သင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်းနှင့် ဝါးလက်မှုထည်ပြုလုပ်နည်းသင်တန်း စသည့်သင်တန်းများပါဝင်ပြီး ထိုသင်တန်းများကို သက်ဆိုင်ရာမြို့နယ်များမှ သင်တန်းဖွင့်လှစ်ရန် ရွေးချယ်ထားသောကျေးရွာများ၌ သတ်မှတ်ထားသည့် သင်တန်းကာလအချိန်ဇယားအတိုင်း ဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **ဆောင်းဦး**

## မြဝတီ ကာတွန်း



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

> "မြန်မာစကားတွင် ရေကြည်ရာမြက်နုရာဆိုသောစကားရှိသည်။ ရေကြည်ရာမြက်နုရာတွင်သာ တိရစ္ဆာန်များ ကျက်စားကြသည်ကို အကြောင်းပြု၍ လူ့အသိုင်းအဝိုင်းတွင်ပါ ဤဆိုရိုးစကားကို တွင်တွင်ကျယ်ကျယ်သုံးနေကြရသည်။
>
> ရေကြည်ရန်၊ မြက်နုရန်မှာ ရေရှိရပါမည်။ ရေခန်းနေသမျှ ကြည်စရာလည်း ရေမရှိသလို နုစရာမြက်လည်း မပေါက်ရောက်နိုင်ပါ။
>
> ဤစကားကိုနှလုံးသွင်း၍ တာတမံများ၊ ဆည်များအပေါ် အမြင်ရှင်းကြစေလိုသည်။ ယနေ့ကမ္ဘာ့စားရေရိက္ခာ ၆၀ ရာခိုင်နှုန်းခန့်သည် တာတမံနှင့်ဆည်များ၏ကျေးဇူးကြောင့်ရရှိနေ . . ."

**ယမန်နေ့မှအဆက်**

ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများအပေါ် ကိုယ်ချင်းစာတရားထားစေလိုသည်။ စိုက်ပျိုးရေးအပေါ် အခြေပြုနေရသည့် စက်မှုမဖွံ့ဖြိုးသောနိုင်ငံငယ်များ၊ အထူးသဖြင့် နှစ်စဉ်ပူပြင်းခြောက်သွေ့မှုဒဏ်ကို လပေါင်းများစွာခံစားကြရပြီး စိုက်ပျိုးရေးနှင့်သောက်သုံးရေရှားပါးနေသောနိုင်ငံများမှ ပြည်သူများ၏ဘဝကို စာနာစိတ်ထားသင့်ကြသည်။

မြန်မာစကားတွင် ရေကြည်ရာမြက်နုရာဆိုသောစကားရှိသည်။ ရေကြည်ရာမြက်နုရာတွင်သာ တိရစ္ဆာန်များ ကျက်စားကြသည်ကိုအကြောင်းပြု၍ လူ့အသိုင်းအဝိုင်းတွင်ပါ ဤဆိုရိုးစကားကို တွင်တွင်ကျယ်ကျယ်သုံးနေကြရသည်။

ရေကြည်ရန်၊ မြက်နုရန်မှာ ရေရှိရပါမည်။ ရေခန်းနေသမျှ ကြည်စရာလည်း ရေမရှိသလို နုစရာမြက်လည်း မပေါက်ရောက်နိုင်ပါ။

ဤစကားကိုနှလုံးသွင်း၍ တာတမံများ၊ ဆည်များအပေါ် အမြင်ရှင်းကြစေလိုသည်။ ယနေ့ကမ္ဘာ့စားရေရိက္ခာ ၆၀ ရာခိုင်နှုန်းခန့်သည် တာတမံနှင့်ဆည်များ၏ကျေးဇူးကြောင့် ရရှိနေသည်။ ကမ္ဘာ့လူဦးရေသည် နှစ်စဉ် ၈၁ သန်းခန့် တိုးနေသည်ဟုလည်းဆိုသည်။ လက်ရှိ စားရေရိက္ခာခက်ခဲနေသောနိုင်ငံအချို့၊ ဒေသအချို့မှ ပြည်သူများအတွက်ပင် စားရေရိက္ခာလုံလောက်အောင် မဖြည့်ဆည်းပေးနိုင်သလို အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးရရှိရေး၊ နေစရာလုံခြုံစွာရရှိရေး စသည့်ပြဿနာများလည်း ပြည့်စုံအောင်မရှင်းနိုင်ကြသေးပေ။

စက်မှုဖွံ့ဖြိုးပြီး နည်းပညာရောင်းချပြီး ချမ်းသာနေသောနိုင်ငံများ၏ ဝင်ငွေနှင့် လယ်ယာထွက်ကုန်အခြေပြု၍ တစ်နှစ်ပတ်လုံးရုန်းကန်ရရှိသောဝင်ငွေမှာ လွန်စွာကွာဟနေပါသည်။

ဥပမာတစ်ခုပြပါမည်။ အသင့်အတင့်လက်ကိုင်ဖုန်းတစ်လုံးသည် မြန်မာငွေကျပ် လေးသိန်းခန့် တန်ဖိုးရှိသည်။ အမေရိကန်ဒေါ်လာနှင့်ချိန်ကြည့်လျှင် ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်း ငွေလဲနှုန်းအရ ဒေါ်လာ ၃၀၀ ခန့်တန်ပါလိမ့်မည်။ မြန်မာ့ဆန်ကောင်းတစ်တန်သည် ဒေါ်လာ ၄၀၀ ဝန်းကျင်သာ ပြည်ပဝင်ငွေရနိုင်သည်။

တောင်သူလယ်သမားတစ်ဦး အနည်းဆုံး ရက် ၁၂၀ ခန့်ရုန်းကန်ရရှိလာသော လယ်တစ်ဧကမှ ထွက်ရှိသောစပါးသည် တင်း ၈၀ ထွက်ခဲ့လျှင်ပင် ငွေကျပ် ငါးသိန်းဝန်းကျင်သာရနိုင်သည်။ စိုက်ပျိုးစရိတ်နုတ်လိုက်ပါက ငွေကျပ် နှစ်သိန်းထက်ပို၍ မမြတ်နိုင်ပါ။ တစ်နှစ်လျှင် နှစ်သီးစိုက်နိုင်သောမြေပေါ်တွင် စပါးမဟုတ်သော အခြားသီးနှံတစ်မျိုးကိုစိုက်လျှင်လည်း တစ်ဧကတွင် နှစ်သိန်းထက်ပို၍ အမြတ်ငွေမရနိုင်ပါ။

ဤသည်မှာ ရာသီဥတုမှန်ပါမှ၊ ရေကြီးနစ်မြုပ်မှုမရှိပါမှ၊ မိုးမခေါင်ပါမှ၊ ထူးခြားရောဂါမကျရောက်ပါမှ ရရှိမည့်ငွေဖြစ်သည်။ တစ်နှစ်လျှင် နှစ်သီးစိုက်လျှင်ပင် တစ်ဧကပေါ်မှရရှိမည့်အမြတ်ငွေသည် ငွေကျပ် ငါးသိန်းထက် မပိုနိုင်ပါ။ တောင်သူတိုင်း လယ်ယာမရှိကြပါ။ လက်လုပ်လက်စားများလည်း ရှိပါသေးသည်။ ဤဝင်ငွေသည် လက်ကိုင်ဖုန်းတစ်လုံးဖိုးသာသာပင်ရှိပါသည်။ ဤတစ်နှစ်စာဝင်ငွေဖြင့် လယ်ယာလုပ်ကိုင်သူမိသားစု မည်သို့ရပ်တည်ကြပါမည်နည်း။ ကျေးလက်ဒေသများတွင် လူဦးရေတိုးလာ၍ အိမ်ထောင်ကျသားသမီးတိုင်းကိုပင် လယ်ယာမြေလက်မဖွဲ့နိုင်တော့သည့် မိသားစုများရှိလာနေပြီ။ နှစ်စဉ်ဝင်ငွေဖြင့် မရပ်တည်နိုင်ကြ၍ ကြွေးတင်ပြီး လယ်ယာများရောင်းလိုက်ရသည့် လယ်ယာမဲ့လယ်သမားများ လက်ညှိုးထိုးမလွဲတွေ့နိုင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံ မိုးကောင်းသောဒေသများတွင်ပင် ပျိုးထောင်ရေ၊ အောင်ရေလိုအပ်ပါက ဆည်ရေပေးရသည်။ နွေစပါးဆိုလျှင် ပို၍ရေပေးရသည်။ ၂၀၂၀ ပြည့်နှစ်သည် မိုးခေါင်သောနှစ်ဖြစ်ခဲ့၍ လက်တွေ့ပင် နေပြည်တော် ငလိုက်ဆည်ရှိနေပါလျက် ၂၀၂၁ ခုနှစ် နွေရာသီစိုက်ပျိုးစပါးအတွက် ရေအပြည့်အဝမဖြန့်ဝေနိုင်ခဲ့ပါ။ အလားတူပင် သဖန်းဆိပ်ဆည်ရေနည်း၍ နွေစပါးရေပေးဝေမှု များစွာလျှော့ချခဲ့ရသည်။ နွေစပါးတစ်သီး နစ်နာသွားသည်။ မိမိတို့နိုင်ငံ၏အခြေအနေသည် လယ်ယာစိုက်ပျိုးရေးအခြေခံကွင်းဆက် (Supply Chain) များဖြင့် လည်ပတ်နေရသောနိုင်ငံဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးအောင်မြင်လျှင် အောင်မြင်သလောက် ငွေကြေးအနည်းငယ်စုဆောင်းလာနိုင်သည်။ သားသမီးများပညာရေး၊ ကျန်းမာရေးပါ တိုးတက်လာနိုင်သည်။ မိုးနည်းရေရှားဒေသမှ လယ်ယာနှင့်ဆက်စပ်နေသူတိုင်းကိုမေးပါ၊ ဆည်ရေရသူနှင့် မရသူကွာခြားမှု အသေးစိတ်ပြောပြကြလိမ့်မည်။

လယ်ယာကဏ္ဍမြှင့်တင်ရေးအတွက် ရေရရှိရေးမှာ အလွန်အရေးကြီးသည်။ နိုင်ငံ့ဘဝမြှင့်တင်ရေးအတွက် လျှပ်စစ်ဓာတ်အားမဖြစ်မနေ ရာနှုန်းပြည့်သုံးနိုင်အောင် လုပ်ကြရမည်။ ဈေးနှုန်းသက်သာရေးလည်း ထည့်သွင်းစဉ်းစားကြရမည်။ ပြည်တွင်းစားသုံးမှုဖူလုံရေးအပြင် ပြည်ပဝင်ငွေလည်း ရှာကြရပါဦးမည်။

မိမိ၏ ပြန်လည်ပြည့်ဖြိုးမြဲရေသယံဇာတကြွယ်ဝမှုကိုအခြေခံ၍ ဖွံ့ဖြိုးရေးစနစ်တကျဆောင်ရွက်ပါက ဖွံ့ဖြိုးသည့်နိုင်ငံတစ်နိုင်ငံဖြစ်လာမည်မှာ သေချာသည်။ တစ်ဖက်ကလည်း နည်းပညာအခြေပြု ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ အလုပ်လက်မဲ့ပြဿနာပါ ပြေလည်မည်။ ဒုစရိုက်များ လျော့နည်းလာလိမ့်မည်။ ကျန်းမာရေး၊ ပညာရေး တိုးတက်လာမည်။


ကျေးလက်တောရွာများမှ အရွယ်ကောင်းအမျိုးသား၊ အမျိုးသမီးအများစုမှာ စာမတတ်ကြသည်ကိုလည်း တွေ့ရသည်။ စာတတ်သည့်အနည်းစုမှာလည်း မူလတန်း၊ အလယ်တန်းအဆင့်ထက်မပိုသည်ကများနေသည်။ လေ့လာကြည့်ရာ မိဘများပညာရေးအသိနည်းပါးခြင်းနှင့် မိဘဝင်ငွေနည်းခြင်း၊ စာသင်ကျောင်းများနှင့် ဝေးကွာခြင်းတို့ကြောင့် ပညာရေးအားနည်းခဲ့ကြသည်။ အချို့မှာ ငယ်စဉ်ကတည်းက ရရာအလုပ်လုပ်နေရ၍ ကျောင်းမနေခဲ့ရကြောင်း သိရသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

ပဲခူး၊ ကျေးလက်ဖွံ့ဖြိုးရေး

## ပဲခူးမြို့နယ် မြို့လေးကျေးရွာ၌ ဂဝံခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မြို့လေးကျေးရွာ၌ ဂဝံခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေလ ၂၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ရှိသူများက မြို့လေးကျေးရွာ၌ ဂဝံခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

မြို့လေးကျေးရွာ ဂဝံလမ်းအရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် ၁၅ သန်းဖြင့် ၂၀၂၄ ခုနှစ် မတ်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဂဝံခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး အဆိုပါကျေးရွာမှထွက်ရှိသော ထုတ်ကုန်များကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

---

ရန်ကုန်၊ လူမှုရေး

## ရပ်ကွက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ ရပ်ကွက်စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မေလ ၂၅ ရက်က အမှတ်(၄) ရပ်ကွက် မြို့မကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးလှတိုး၊ အတွင်းရေးမှူး ဒေါ်လှလှထွေးနှင့် ကော်မတီဝင်များ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့မကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးက မြို့မစာကြည့်တိုက်လှုပ်ရှားဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ စာကြည့်တိုက်အဆောက်အအုံ ပြင်ဆင်လိုသည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးလှတိုးက ဆက်လက်ဆောင်ရွက်သင့်သည့်အခြေအနေများကို အကြံပြုဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှလှထွေးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်မှူးတစ်ဦးလိုအပ်ကြောင်း၊ ရပ်ကွက်စာကြည့်တိုက်များရှင်သန်ခိုင်မာရေး ရပ်ကွက်သူ၊ ရပ်ကွက်သားများ၏ စိတ်ပါဝင်စားမှုအပြင် ငွေအင်အား၊ လူအင်အားများလိုအပ်ကြောင်းနှင့် ရပ်ကွက်တိုင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်လာအောင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

မတ္တရာ၊ သက်မွေးပညာ

# မတ္တရာမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဆင်း



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပြည်သူ့စွမ်းဆောင်ရည်မြှင့်တင်ရေး သံဂဟေဆက်သင်တန်းဆင်းပွဲကို မေလ ၂၆ ရက်တွင် အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မတ္တရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွယ်က သင်တန်းသားများအား သက်မွေးပညာရပ်တစ်ခုအနေဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်နိုင်ပြီး လက်ဆင့်ကမ်းပြန်လည်မျှဝေပေးနိုင်အောင်ကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းကို ပြီးမြောက်အောင်တက်ရောက်ခဲ့ကြသည့် သင်တန်းသားများနှင့် သင်တန်းနည်းပြများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်နှင့် အမှတ်တရလက်ဆောင်များ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ သင်တန်းသား ၁၀ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေလ ၇ ရက်မှ ၂၆ ရက်အထိ ရက် ၂၀ ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

ဖျူး၊ ကျန်းမာရေး

# ဖျူးမြို့နယ်၌ အစာမကြေရောဂါအကြောင်း သိကောင်းစရာဆွေးနွေးပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖျူးမြို့နယ်ရှိ တိုင်းရင်းဆေးရုံနှင့် မြို့နယ်တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း၍ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် (Continuing Traditional Medical Education (CTME) Programme) ဖြင့် အစာမကြေရောဂါအကြောင်း သိကောင်းစရာဆွေးနွေးပွဲကို မေလ ၂၅ ရက်က ဖျူးမြို့နယ် ၁၆-ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ ကျင်းပကြောင်း သိရသည်။


အဆိုပါအစာမကြေရောဂါအကြောင်း သိကောင်းစရာဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ညောင်လေးပင်မြို့နယ် ၁၆-ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ဒုတိယဆေးရုံအုပ် ဒေါ်ရီရီဝင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ ဖျူးမြို့နယ် ၁၆-ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်တင်နွယ်ဝင်းက အစာမကြေရောဂါအကြောင်း သိကောင်းစရာများအား ဆွေးနွေးရာတွင် အစာမကြေရောဂါအမည်နှင့်အဓိပ္ပာယ်သတ်မှတ်ချက်၊ ရောဂါအမျိုးအစား၊ ရောဂါဖြစ်ရသည့်အကြောင်းရင်း၊ စားသောက်သည့် အစားအစာများ၊ ရောဂါလက္ခဏာနှင့် ဆက်စပ်ဖြစ်ပေါ်တတ်သည့် လက္ခဏာများ၊ ရောဂါကုထုံးနှင့် ဆောင်ရန်၊ ရှောင်ရန် စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ်နှင့် ဖျူးမြို့နယ် ၁၆-ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ ဖျူးမြို့နယ် တိုင်းရင်းဆေးကုဌာနတို့မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ တိုင်းရင်းဆေးရုံ၌ တက်ရောက်ကုသသူများ၏ လူနာရှင်များ၊ တိုင်းရင်းဆေးကို စိတ်ပါဝင်စားသူများက ဆွေးနွေးမှုအပေါ် အပြန်အလှန် ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

**ချမ်းမြေ့**

## မိုးလေဝသ သတင်း



ရေကြည်၊ စိုက်ပျိုးရေး

# ရေကြည်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပိုလ်ကိတ်ပဲ ၂၈၁၃၃ ဧက ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပိုလ်ကိတ်ပဲ ၂၈၁၃၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်၏ပြောကြားချက်အရ သိရသည်။

ရေကြည်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ပိုလ်ကိတ်ပဲ ၂၈၁၃၃ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးခဲ့သော ပဲခင်းများကို ယခုနှစ် မတ်လ ဒုတိယပတ်ကစတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းပြီးစီးသော ပိုလ်ကိတ်ပဲတစ်ဧကလျှင် ၁၆ ဒသမ ၈၇ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီက ရေကြည်မြို့နယ်မှာ ပိုလ်ကိတ်ပဲ ၂၈၁၃၃ ဧကအထိ စိုက်ပျိုးခဲ့ပါတယ်။ ရေကြည်မြို့နယ်မှာ ပဲတွေကို တခြားစိုက်ပျိုးရာသီထက် ဆောင်းကာလမှာ အဓိကထားစိုက်ပျိုးကြပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ ပိုလ်ကိတ်ပဲဧကအားလုံး ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းပြီးပါပြီ။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ပိုလ်ကိတ်ပဲအပါအဝင် သီးနှံအားလုံး အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားရောဂါကင်းရှင်းစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဦးကျော်ကျော်ကပြောသည်။

ရေကြည်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပိုလ်ကိတ်ပဲအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သုတကျော်**

ဆင်ပေါင်ဝဲ၊ ကျေးလက်ဖွံ့ဖြိုးရေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လက်ပန်ငူကျေးရွာအုပ်စု မိုးနတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို မေလ ၂၆ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မိုးနတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် အသင်းသား၊ အသင်းသူများမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိုးနတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးအတွက် ငွေကျပ် ၁၃ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးအတွက် ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအတွက် ငွေကျပ် ၄ ဒသမ ၀၅ သန်းတို့ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ငြိမ်းသူ**

နေပြည်တော် မေ ၂၆

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်၊ ဒွိပိဋကကောဝိဒဘွဲ့တံဆိပ်တော်တို့အား ချီးကျူးဂုဏ်ပြုပူဇော်ခြင်းနှင့် သက်တော်ထင်ရှား သုတဗုဒ္ဓအရှင်မြတ်များထံမှ ဩဝါဒခံယူပူဇော်ပွဲကျင်းပ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်နှင့် ဒွိပိဋကကောဝိဒဘွဲ့တံဆိပ်တော်တို့အား ချီးကျူးဂုဏ်ပြုပူဇော်ခြင်းနှင့် သက်တော်ထင်ရှား သုတဗုဒ္ဓအရှင်မြတ်များထံမှ ဩဝါဒခံယူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တိပိဋက ကမ္ဘောဇကျောင်းတိုက်၌ပြုလုပ်ရာ တိပိဋက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်နှင့် ဒွိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ညနေပိုင်းတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်၊ ဒွိပိဋကကောဝိဒဘွဲ့တံဆိပ်တော်တို့အား ချီးကျူးဂုဏ်ပြုပူဇော်ခြင်းနှင့် သက်တော်ထင်ရှား သုတဗုဒ္ဓအရှင်မြတ်များထံမှ ဩဝါဒခံယူပူဇော်ပွဲကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် သဏ္ဍိသုခဓမ္မာရုံ၌ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိပိဋက ကမ္ဘောဇကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

ရန်ကုန် မေ ၂၆

# MNL League Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကိုအနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်



MNL League Cup 2024 ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဒဂုံစတားအသင်းကလည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ကာ ပွဲချိန် ၂၇ မိနစ်တွင် ပီတာအောင်ဝေထူးက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ဒဂုံစတားအသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။


ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ရှမ်းယူနိုက်တက်အသင်းက ပိုမိုဖိအားပေးကစားခဲ့ပြီး ဒဂုံစတားအသင်းကလည်း အမှားအယွင်းမရှိပြန်လည်တုံ့ပြန်နိုင်ခဲ့သည့်အတွက် ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများရရှိရန်ခက်ခဲခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် နန္ဒကျော်က ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရသည်။

ဆက်လက်ပြီး အချိန်ပို မိနစ် ၃၀ တွင်လည်း နှစ်သင်းလုံးသွင်းဂိုးရရှိရန်ခက်ခဲခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရန် နီးစပ်ခဲ့သော်လည်း နောက်ဆုံးမိနစ်ဖြစ်သည့် မိနစ် ၁၂၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို ၂ မိနစ်တွင် ရဲရင့်အောင်က ရှမ်းယူနိုက်တက်အသင်းအတွက် အဖိုးတန်အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့်အတွက် ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

နေပြည်တော် မေ ၂၆

## အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခဲ့ပြီးဖြစ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများ၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ **(မိုး/ဇလ)**




**၂၀၂၄ခုနှစ်၊ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက် ပြပုံ**

နေပြည်တော် မေ ၂၆

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ခတ် နဲ့ ခပ်

(ယမန်နေ့မှအဆက်)

အစ်နဲ့ အဉ်၊ အဉ့်၊ အဉ်း
အည်၊ အည့်၊ အည်း
အတ်နဲ့ အန်၊ အန့်၊ အန်း
အိတ်နဲ့ အိန်၊ အိန့်၊ အိန်း
အုတ်နဲ့ အုန်၊ အုန့်၊ အုန်း
အပ်နဲ့ အမ်၊ အမ့်၊ အမ်း
အံ၊ အံ့၊
အိပ်နဲ့ အိမ်၊ အိမ့်၊ အိမ်း
အုပ်နဲ့ အုမ်၊ အုမ့်၊ အုမ်း
အုံ၊ အုံ့၊ အုံး တို့ အနက်ဆက်စပ်တာ၊ တူညီတာ

ကို တွေ့နိုင်တယ်လေ။ ဝဂ်တူဗျည်းချင်း အနက်ဆက်စပ်တယ်၊ အနက်တူညီတယ်ဆိုတဲ့ သဘောတရားကို အခြေခံပြီး စဉ်းစားကြံဆရတဲ့ စနစ်ဖြစ်လို့ "ဝဂ်တူသတ်စနစ်" လို့ မှတ်လိုက်ပါ။ ပါဠိသက်ဖြစ်တဲ့ ဝဂ်-ဟာ မြန်မာလို "အစု"လို့ အဓိပ္ပာယ်ရတာကြောင့် "အစုတူသတ်စနစ်"၊ ဒါမှမဟုတ် "စုတူသတ်စနစ်" လို့မှတ်ရင်လည်းရပါတယ်။ ကိုကြီးကတော့ "စုတူသတ်စနစ်"လို့ ခေါ်ခဲ့၊ သုံးခဲ့တယ်။ နောင်ကြုံကြိုက်တဲ့အခါ၊ အလျဉ်းသင့်တဲ့အခါ ထပ်ရှင်းပါဦးမယ်။

ခုတော့ "အကဲခတ်" ဆိုတဲ့စကားရဲ့ အနက်အဓိပ္ပာယ် သိချင်ရင် တ- သတ် "ခတ်"နဲ့ န-သတ် "ခန့်"ကို ဖလှယ်ပြီး "အကဲခန့်" ဆိုတဲ့စကားနဲ့ ဆက်နွှယ်စဉ်းစားပြီး အနက်ဖော်ကြည့်ဖို့ပဲ ပြောချင်ပါတယ်။ "အကဲခတ်" တယ်ဆိုတာ "အကဲခန့်" တာပါပဲ အရိပ်အကဲ၊ အခြေအနေ၊ အလားအလာကို "ခန့်မှန်း" တာပါလို့ မစဉ်းစားနိုင်ပေဘူးလား။ "ခတ်" နဲ့ "ခန့်" ဟာ "စုတူသတ်စနစ်"အရ အတူတူပေ့ါ။ အဲဒီတော့ "အကဲခတ်" ဆိုတာ အရိပ်အကဲ၊ အခြေအနေ၊ အလားအလာကိုသိရအောင် တီးကြည့်၊ ခေါက်ကြည့်၊ ခတ်ကြည့် တာပါလို့ စဉ်းစားရင်လည်း "အကဲ" ကို "ခတ်" တာမို့ "အကဲခတ်" လို့ တ-သတ်နဲ့ ရေးသင့်တယ် မဟုတ်လား။ ဒါမှမဟုတ် "အကဲခတ်" ဆိုတာ "အကဲခန့်"တာနဲ့ အတူတူပါပဲ။ အရိပ်အကဲ၊ အခြေအနေ၊ အလားအလာကို "ခန့်မှန်း"တာဖြစ်လို့ "အကဲခန့်"က တစ်ဆင့် "အကဲခတ်" ရယ်လို့ ဖြစ်လာတာပါလို့ဆိုရင်လည်း တ-သတ် "ခတ်" နဲ့ပဲ ရေးသင့်တယ် မဟုတ်လား။ ဒါကြောင့် တ-သတ် "အကဲခတ်"နဲ့ ပ-သတ် "အကဲခပ်" အရေးနှစ်ရပ်မှာ တ-သတ် "အကဲခတ်"က သင့်တယ်၊ မှန်တယ်လို့ ကိုကြီး ကြိုပြီးပြောခဲ့တာပေ့ါ။

"အကဲခတ်"ဆိုတဲ့ ဝေါဟာရကို ကျော်အောင်စံထား ဆရာတော်ကြီးတို့၊ စိန္တကျော်သူ ဦးဩတို့ခေတ်က မသုံးခဲ့သေးဘူးထင်ပါရဲ့။ ဝေါဟာရတ္ထပကာသနီကျမ်း (၁၁၃၁)တို့၊ ကဝိလက္ခဏာ သတ်ပုံသံပေါက် (၁၁၁၃) တို့တွေမှာ ပြမထားကြဘူးလေ။ ဒါက နာမည်ကျော်ကျမ်းတွေကို ပြောတာနော်။ ရတနာပုံခေတ်ထက်စောတဲ့ အခြားပျို့၊ ကဗျာ၊ လင်္ကာ၊ သတ်ပုံသတ်ညွှန်း၊ ခွဲထားကျမ်းတွေမှာလည်း ကိုကြီးဖြင့် မတွေ့မိသေးပါဘူး။ မတွေ့မိသေးဘူးဆိုတာ တ-သတ်နဲ့ "အကဲခတ်"ရော ပ-သတ်နဲ့ "အကဲခပ်"ရော နှစ်မျိုးစလုံးပြောတာ။ အေး-ထူးထူးခြားခြား တအံ့တသြတွေ့ရတာကတော့ ဆရာယုဒသန်ရဲ့ "မြန်မာ-အင်္ဂလိပ်အဘိဓာန်" (၁၂၁၄)မှာပါပဲ။ ဆရာယုဒသန်က "အကဲခတ်"ကို ဒီလိုပြခဲ့ပါတယ်။

-အကဲခတ်၊ (from ခတ်, to stamp), v.to decide the quality of alloyed money; to make a mental estimate of another's character, လူကဲခတ်။ လူကဲကိုခတ်တတ်ကဲ့လား, are you a judge of character? ကြေးကဲငွေနှုန်းကိုသင့်၍ပေးတတ်ကဲ့လား, are you able to decide people properly the proportion of copper and silver? -တဲ့။ -အကဲကိုလည်း "အကဲ" (from ကဲ, to exceed), the proportion of alloy in money လို့ ပြထားတယ်လေ။

ကိုကြီး စောစောကပြခဲ့တဲ့ "အကဲခတ်"ကို ငွေဒင်္ဂါး ကောင်း၊ မကောင်း၊ တီးကြည့်၊ ခတ်ကြည့်တာနဲ့ ဆက်နွှယ်ပြီး စဉ်းစားနိုင်မယ် ထင်တယ်လို့ ပြောခဲ့တာလည်း ဒီအချက်ကို ယူလိုက်တဲ့သဘောပါပဲ။ ဆရာယုဒသန်ရဲ့ သတ်ပုံအနက် ဖော်ပြချက်ကလည်း မှတ်သားနည်းယူလောက်ပါပေတယ် ညီလေး။ ကဲ- "အကဲခတ်" ကို တ-သတ် "ခတ်" နဲ့ ရေးမှသင့်တယ်။ မှန်တယ်ဆိုတာ ညီလေး သဘောတူလောက်ပြီ ထင်ပါရဲ့။

ဆရာကြီး ဦးအုန်းရွှေရဲ့ "သတ်ပုံအဘိဓာန် မိတ်လင်စုံ" ကျမ်းမှာတော့ ဆရာကြီးက "အကဲခပ်လွဲသည်။ အကဲခပ်သည်၊ လူကဲခပ်သည်"ဆိုတဲ့ ဝေါဟာရတွေကို ပ-သတ် "ခပ်"နဲ့ ပြထားပါတယ်။ ဆရာကြီးက "အဘိုး(ဖိုး) ကဲခပ်၊ ထောင့်ခပ်ယွန်းဟူ၊ ငင်ယူကော်ခပ် (မစုသတ်ပုံ-၃၅၃)၊ ခြေ (ချေ)ငံ လျောက်ပတ်၊ လိမ္မာလျှင် ရပ်တဲ့ (တည့်)၍၊ အကဲခပ်အံ့ မချွတ်ပင် (နေမိရကန်-၄)" ဆိုတဲ့ အကိုးတွေကိုလည်း ပြထားလေရဲ့။ အဲဒီ သတ်ပုံအဘိဓာန် မိတ်လင်စုံကျမ်းဟာ ဆရာကြီးရဲ့ စကားအတိုင်း ဖတ်ရှုသူများ "အတော်အသင့် အထောက်အပံ့ အခြေခံရလောက်"တဲ့ ကျမ်းဖြစ်ပါတယ်။ ဆရာကြီးက "အကဲခပ်"လို့ ပ-သတ် "ခပ်"နဲ့ ပြလိုက်တာကတော့ ဆရာကြီးကိုးထားတဲ့ အကိုးနှစ်ခုကြောင့် ထင်ပါရဲ့။ ဒါပေမဲ့ အကိုးတွေကို ညီလေးဆင်ခြင်ကြည့်စေချင်ပါတယ်။ "အဖိုးကဲခပ်"ဆိုတာ "အဖိုးလွန်ကဲသည်၊ အဖိုးများစွာရောက်သည်။ အဖိုးများစွာတန်သည်"လို့ ဆိုလိုတာ မဟုတ်ပေဘူးလား။ "ပိဿာထောင်စပ်၊ ဖိုးသိန်းခပ်သည်၊ ဖြူလှပ်ရဲရဲ" (ဆုတောင်းခန်း-၈၂)လိုပဲပေ့ါ။ *"ခပ်" ဆိုတာ "ကပ်၊ ရောက်၊ ထိ" အနက်အဓိပ္ပာယ်ရှိတယ်။ နေမိရကန် အကိုးကျတော့လည်း စပ်အင်ကာရန်က ကိုးကားလောက်အောင် စိတ်မချရတဲ့ အကိုးဖြစ်နေတယ်လေ။

**အကြောင်းကတော့ ရကန်ဆိုတာ အသတ်စပ်အင်ကာရန်ကို သိပ်မစောင့်တာကလည်း တစ်ကြောင်းပေ့ါ။ အဲဒီအကိုးမှာကိုပဲကြည့် "ချေငံလျောက်ပတ်"မှာကျတော့ တ-သတ်ကာရန်၊ "လိမ္မာလျှင် ရပ်တည့်၍" မှာကျတော့ ပ-သတ်ကာရန် ဖြစ်နေတယ်မဟုတ်လား။ အဲဒီတော့ "အကဲခပ်အံ့ မချွတ်ပင်"လို့ ပ-သတ်ကာရန်နဲ့ပဲဖြစ်ဖြစ်၊ "အကဲခတ်အံ့ မချွတ်ပင်"လို့ တ-သတ်ကာရန်နဲ့ပဲဖြစ်ဖြစ် ကာရန်ယူလို့ ရနိုင်တာပေ့ါ။ ဒီလိုအကိုးမျိုးမှာ စာရေးဖွဲ့သူရဲ့အာဘော်၊ စာရေးဖွဲ့သူရဲ့အကြိုက် စာလုံးပေါင်းကို အတပ်သိဖို့ခက်တယ်လေ။ ဒါကလည်း တစ်ကြောင်းပါပဲ။

ဆရာကြီးဦးအုန်းရွှေကို အပြစ်ပြောလိုတာ၊ ဆရာကြီးအမှားကို ထောက်ပြလိုတာမဟုတ်ဘူးနော်။ ညီလေးတို့စဉ်းစားချင့်ချိန်နိုင်အောင် ပြောပြတာပါ။ ဆရာကြီးကို ကိုကြီးလေးစားလျက်ပါလို့ပြောရင်း စာကို နိဂုံးချုပ်လိုက်ပါရဲ့။ ။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ပဲပုပ်စေ့ ပဲပုပ်ဆီနှင့် ကျန်းမာရေး



ပဲပုပ်သည် နိုင်ငံတကာသုံးအစားအစာဖြစ်၍ Soybean၊ Soya Bean ဟု အမျိုးမျိုးခေါ်ကြသည်။ Fabaceae မျိုးရင်းဝင်ဖြစ်ပြီး ပဲပုပ်၏သိပ္ပံအမည်မှာ Glycine Max ဖြစ်သည်။ ပဲပုပ်သည် အရသာကောင်းပြီး စားသုံးမှုများသောသီးနှံတစ်မျိုးဖြစ်သည်။ လေ့လာမှုမှတ်တမ်းများအရ ပဲပုပ်သည် ကမ္ဘာ့အရေးကြီးဆုံးသီးနှံ ၁၀ မျိုးထဲတွင် နံပါတ်(၆) စာရင်းဝင်သောသီးနှံဖြစ်ကြောင်းနှင့် ကမ္ဘာ့အရေးကြီးဆုံး သီးနှံ ၁၀ မျိုးမှာ ပြောင်း၊ ဂျုံ၊ ဆန်၊ အာလူး၊ ပီလောပီနံ၊ ပဲပုပ်၊ ကန်စွန်းဥ၊ နှံစားပြောင်း၊ ဝဥနှင့် Plantain (ခေါ်) ချက်စားရသောငှက်ပျောသီးတစ်မျိုးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပဲပုပ်ကို မည်သည့်ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည်ကို သီးနှံသမိုင်းတွင်မတွေ့ရသော်လည်း တရုတ်နိုင်ငံ၏ ရှေးဟောင်းစာပေများတွင် ပဲပုပ်ပင်အမြောက်အမြားစိုက်ပျိုး၍ အလွန်အဖိုးထိုက်တန်သော အစားအစာတစ်ခုအဖြစ် လူတို့စားသုံးခဲ့ကြောင်း ရေးသားဖော်ပြထားသည်ကို လေ့လာမှတ်သားရသည်။ ပဲပုပ်တွင် အရောင်အသွေးအမျိုးမျိုးရှိရာ အဝါရောင်၊ အညိုရောင်၊ အမည်းရောင်နှင့်အစိမ်းရောင်ရှိသောမျိုးများမှာ လူသိအများဆုံးဖြစ်ပြီး အထူးသဖြင့် အဝါရောင်နှင့်အစိမ်းရောင်ပဲမျိုးကို စားသုံးမှုပိုများသည်။

ပဲပုပ်သည် ရှမ်းတိုင်းရင်းသားများ အလွန်ကြိုက်နှစ်သက်စွာ စားသုံးလေ့ရှိသော အစားအစာတစ်မျိုးဖြစ်သောကြောင့် ရှမ်းရိုးရာအစားအစာ(ရှမ်းပဲပုပ်)ဟူ၍ လူသိများခဲ့သော်လည်း ယနေ့ခေတ်တွင် ရှမ်းတိုင်းရင်းသားများသာမက တိုင်းရင်းသားမျိုးစုံ နှစ်ခြိုက်စွာ စားသုံးလာကြသည်။ ပဲပုပ်အမျိုးမျိုးရှိသည့်အနက် အဝါရောင်ပဲပုပ်မျိုးသည် ပိုမွှေး၊ ပိုဆိမ့်ကာ အရသာထူးသဖြင့် ရှမ်းပြည်နယ်၌ ၁၉၅၅ ခုနှစ်က အထူးတလည်တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း လေ့လာမှတ်သားရသည်။ ပဲပုပ်ကို အချပ်လိုက်အခြောက်လှန်းထားသော ပဲပုပ်ချပ်အချို သို့မဟုတ် ပဲပုပ်ချပ်အစပ်အဖြစ်လည်းကောင်း၊ ခပ်ပျော့ပျော့ ပဲငါးပိအဖြစ်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။

## ပဲပုပ်နှင့်နိုင်ငံတကာစားသုံးမှု

ပဲပုပ်၏ဇာတိမှာ တရုတ်နှင့် ဂျပန်နိုင်ငံတို့ဖြစ်ပြီး ထိုနိုင်ငံများ၌ ရှေးခေတ်ကာလကတည်းကပင် ပဲပုပ်ကိုစိုက်ပျိုးစားသုံးခဲ့ကြကာ ယနေ့ကာလ ပဲပုပ်ဆီထုတ်လုပ်သောနိုင်ငံအလိုက် လေ့လာကြည့်ရာတွင် တရုတ်နိုင်ငံက ထိပ်ဆုံးတွင်ရှိနေကြောင်း တွေ့ရသည်။ ပဲပုပ်၏အာဟာရဓာတ် ပေါကြွယ်ဝပုံကို တစ်စထက်တစ်စသိရှိလာကြရာ အမေရိကန်၊ အီဂျစ်၊ ရုရှား၊ မြန်မာနှင့် နီပေါ စသည့်နိုင်ငံများ၌ပါ တွင်ကျယ်စွာစိုက်ပျိုးလျက်ရှိကြသည်။

ပဲပုပ်ကို နိုင်ငံတကာစားသုံးမှုနှင့်ပတ်သက်၍ ဗဟုသုတတစ်ရပ်အနေဖြင့် ဝေမျှရလျှင်-

- တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့်ဆက်စပ်လျက်ရှိသော မွန်မြတ်သည့်သီးနှံငါးမျိုးတွင် ပဲပုပ်သည် တစ်မျိုးအပါအဝင်ဟု ဆိုထားသည်။
- ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမနီနိုင်ငံ၌ ပဲပုပ်မှ အာဟာရဖြစ်စေတတ်သည့်ဓာတ်များကို သိပ္ပံနည်းဖြင့်ထုတ်ယူပြီး ဆေးလုံးလေးများကဲ့သို့ ကယ်လိုရီ ၁၅၀၀ ခန့်ပါရှိသော ရိက္ခာလုံးလေးများပြုလုပ်ကာ နာဇီရိက္ခာလုံးလေးဟုအမည်ပေး၍ ဂျာမန်စစ်တပ်အတွက် ထုတ်ဝေပေးခဲ့ကြောင်း၊ စစ်သားတစ်ဦးအတွက် ယင်းရိက္ခာလုံးနှစ်လုံး သို့မဟုတ် သုံးလုံးစားထားလျှင် တစ်နေ့တာလုံး အင်အားမဆုတ်ယုတ်ဘဲ ကျန်းမာစွာနေနိုင်ကြောင်း သိရသည်။
- ရုရှား-ဂျပန်စစ်ပွဲကြီးတွင်လည်း ဂျပန်စစ်သားများ စစ်မြေပြင်တွင် ခံနိုင်ရည်ရှိရေးအတွက် ဂျပန်အစိုးရက ပဲပုပ်ကို အများဆုံးအားထားခဲ့ကြောင်း သိရသည်။
- ပဲပုပ်ကို လူသားတို့ အာဟာရသီးနှံအဖြစ် စားသုံးရုံမျှမက အမေရိကန်နိုင်ငံ၌ ပဲပုပ်မှ ဆော့စ်၊ နို့၊ ဒိန်ခဲ၊ ကော်ဖီ၊ ကိတ်၊ စည်သွတ်ဘူးများအပြင် တိရစ္ဆာန်အစားအစာများသာမက ပဲပုပ်ဆီဖြင့် စာရေးမင်၊ ပုံနှိပ်မင်၊ ဆပ်ပြာ၊ ရော်ဘာတု၊ ဓာတ်ဆီ၊ ပလတ်စတစ်၊ ခဲတံ၊ အရောင်တင်ဆီ၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ပိုးမွှားသတ်ဆေး၊ ကြွေဆေး၊ ဆီစိမ်စက္ကူ၊ သားရေတု၊ ဖယောင်းတိုင်၊ သိုးမွှေးတု၊ သုတ်ဆေး၊ သကြားလုံး စသည်ဖြင့် လူ့အသုံးအဆောင်ပစ္စည်းအမျိုးပေါင်း ၂၀၀၀ ထုတ်လုပ်နိုင်သည်။ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့၌ ပဲပုပ်ပင်၏အမြစ်နှင့်အရိုးများကို ထင်းအဖြစ်လည်းကောင်း၊ အရွက်ကို အခြောက်လှန်း၍ ဆေးလိပ်ပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ကြံခင်းများကို ပဲပုပ်ဖြင့် မြေသြဇာကောင်းအောင် ပြုပြင်စိုက်ပျိုးကြသည်။

## ပဲပုပ်နှင့် ကျန်းမာရေး

ပဲပုပ်တွင် အဓိကပါဝင်သော အာဟာရဓာတ်မှာ ပရိုတင်းဓာတ်ဖြစ်သည်။ တခြားသောကောင်းမွန်သည့်ဆီနှင့် Carbs တို့လည်းပါရှိသည်။ ပြုတ်ထားသော ပဲပုပ် ၁၀၀ ဂရမ် (၃ ဒသမ ၅ အောင်စ)တွင်ပါရှိသည့် အာဟာရဓာတ်များမှာ ကယ်လိုရီ ၁၇၃၊ ရေဓာတ် ၆၃ ရာခိုင်နှုန်း၊ ပရိုတင်း ၁၆ ဒသမ ၆ ဂရမ်၊ Carbs ၉ ဒသမ ၉ ဂရမ်၊ သကြားဓာတ် ၃ ဂရမ်၊ အမျှင်ဓာတ် ၆ ဂရမ်၊ အဆီဓာတ် ၉ ဂရမ်၊ Saturated ၁ ဒသမ ၃ ဂရမ်၊ Monounsaturated ၁ ဒသမ ၉၈ ဂရမ်၊ Polyunsaturated ၅ ဒသမ ၀၆ ဂရမ်၊ အိုမီဂါ-၃ သုည ဒသမ ၆ ဂရမ်၊ အိုမီဂါ-၆ ၄ ဒသမ ၄၇ ဂရမ် စသည်တို့အသီးသီးပါရှိနေကြသည်။

- ပဲပုပ်တွင် ခွန်အားတိုးစေသော သံဓာတ်များ အလုံအလောက်ပါရှိနေသောကြောင့် သက်သတ်လွတ်စားသူများအတွက် သံဓာတ်ဖြည့်စွက်စာအဖြစ် စားသုံးနိုင်သည်။
- ပဲပုပ်တွင်ပါရှိသော အသားဓာတ် (ခေါ်) ပရိုတင်းဓာတ်က တခြားသောသီးနှံများထဲရှိ ပရိုတင်းဓာတ်မျိုးနှင့်မတူဘဲ သာလွန်ကောင်းမြတ်သော ပထမတန်းစား ပရိုတင်းဓာတ်ဖြစ်သည်။
- ပဲပုပ်တွင်ပါရှိသော ပရိုတင်းဓာတ်သည် အမဲသား၊ ကြက်ဥနှင့်နွားနို့တို့တွင်ပါရှိသော ပရိုတင်းဓာတ်နှင့် အမျိုးအစားတူညီရုံမက ပဲပုပ်တွင် ပရိုတင်းဓာတ်ပါဝင်မှုပိုများသည်။ ထူးခြားချက်မှာ ပဲပုပ်တွင်ပါရှိသော ပရိုတင်းပမာဏသည် အမဲသားထက် နှစ်ဆ၊ ကြက်ဥထက် သုံးဆ၊ နွားနို့ထက် ၁၁ ဆ ပိုမိုပါဝင်သည်။
- ပဲပုပ်တွင် ကစီဓာတ်ပါဝင်မှု လွန်စွာနည်းသဖြင့် အဝလွန်သူများနှင့် ဆီးလွန်ရောဂါရှိသူများအတွက် ကောင်းကျိုးပြုသည်။
- ပဲပုပ်က ပိန်သောသူကို ဝဖြိုးစေခြင်း၊ အရွယ်တင် နုပျိုစိုပြည်စေခြင်း၊ ဝမ်းချုပ်ခြင်းကိုကုသနိုင်ခြင်း၊ ကြွက်သား၊ အရေပြားနှင့်အကြောများကို အားကောင်းစေခြင်း၊ ခန္ဓာကိုယ်တွင်း အပူဓာတ်ဖြည့်ပေး၍ အားပြည့်စေခြင်း၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်နှင့်အစာအိမ်တို့ကို ကျန်းမာစေခြင်း၊ ဗီတာမင်အေဓာတ်ကြွယ်ဝ၍ မျက်စိကို အားကောင်းစေခြင်း၊ ဦးနှောက်နှင့် အာရုံကြောများကို အားပေးခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။
- ပဲပုပ်က အရိုးနှင့်သွားများကို ခိုင်မာစေခြင်း၊ အရိုးကြီးထွားမှုကိုအားပေးခြင်း၊ ခန္ဓာကိုယ်ထွားကျိုင်းစေခြင်း စသည်တို့ကြောင့် ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် မဖြစ်မနေ စားသုံးပေးသင့်သည်။
- ပဲပုပ်ကိုအပူပေး၍ ချက်ပြုတ်ထုတ်လုပ်ထားသော ပဲနို့ဒိန်ခဲကို နွားနို့ဒိန်ခဲနှင့် နှိုင်းယှဉ်ကြည့်ပါက ပဲနို့ဒိန်ခဲ၏အနံ့၊ အရသာက သာလွန်ကောင်းမွန်သည်။ ပဲနို့ဒိန်ခဲတွင်လည်း နွားနို့ဒိန်ခဲနည်းတူ လူတို့၏အစာအိမ်နှင့် အူလမ်းကြောင်းကို အကျိုးပြုပေးသော ပိုးမွှားလေးများပါရှိနေပြီး ထူးခြားချက်မှာ ပဲနို့ဒိန်ခဲထဲရှိ ယင်းအကျိုးပြုပိုးမွှားလေးများက အရွယ်အစားပိုကြီးကာ ပို၍လည်းဆေးစွမ်းထက်မြက်ကြောင်း လေ့လာသိရှိရသည်။

## သက်သတ်လွတ်စားသုံးသူများအတွက် အားထားရာ ပဲပုပ်ဟင်းလျာများ

ပဲပုပ်စေ့ကို သရေစာအဖြစ် အစိမ်းလိုက်ကြော်စားနိုင်သလို ပြုတ်၍လည်း သုပ်စား၊ ချက်စားနိုင်သည်။ သက်သတ်လွတ်ဟင်းလျာအဖြစ် ပဲပုပ်ထောင်းကြော်၊ ပဲပုပ်ကြက်သွန်ကြော်၊ ပဲပုပ်မြေပဲကြော်၊ ပဲပုပ်ဂျုံးမြစ်ကြော်၊ ပဲပုပ်ကြော်ချက်၊ ပဲပုပ်မြေပဲချက်၊ ပဲပုပ်စေ့ဟင်းချို၊ ပဲပုပ်မီးကင်၊ ပဲပုပ်ချဉ် စသည်ဖြင့် မိမိနှစ်သက်ရာ ပုံစံအမျိုးမျိုးပြုလုပ်စားသုံးနိုင်သည်။ ကချင်ပြည်နယ်၌ ပဲပုပ်ကို အမဲသားနှင့်ရော၍ အစပ်ချက်စားလေ့ရှိကြသည်။ ပဲပုပ်ကြိုက်တတ်လွန်းသူများက ပဲပုပ်ခြောက် ၁၀ ချပ်ခန့်ကို မီးအေးအေးတွင် ဝင်းဝါလာအောင်ကင်၍ အအေးခံကာ ညက်ညက်ထောင်းပြီးနောက် တာရှည်ခံအောင် ဖန်ပုလင်းထဲထည့်ကာ စားသုံးကြသည်။

မုန်ညင်းရွက်နှင့်ပဲပုပ်သည် လွန်စွာလိုက်ဖက်သောကြောင့် မုန်ညင်းဟင်းချိုထဲတွင် ပဲပုပ်ထောင်းမှုန့်ထည့်ခတ်၍ သောက်သုံးခြင်းဖြင့် အရသာထူးလှသည်။ ထို့ပြင် ခရမ်းသီးမီးဖုတ်သုပ် သို့မဟုတ် ခရမ်းချဉ်သီးမီးဖုတ်သုပ်ထဲတွင်လည်း ပဲပုပ်ထောင်းမှုန့်ကိုထည့်၍ သက်သတ်လွတ်သုပ်စားခြင်းဖြင့် ထမင်းမြိန်စေသည်။ (သက်သတ်လွတ်မဟုတ်သော ဟင်းလျာများအတွက် ပဲပုပ်သုံးလျှင် ငါးပိသုံးရန်မလိုပါ။ ဤအရသာနှစ်မျိုးပေါင်းစပ်မိပါက အရသာဓာတ်ပျက်ပြယ်သွားတတ်သည်)

အထက်တွင်ဖော်ပြထားသည့်အတိုင်း ပဲပုပ်သက်သတ်လွတ်ဟင်းလျာများစွာထဲမှ အာဟာရဓာတ်နှစ်မျိုးစလုံးကို ဟင်းလျာတစ်မျိုးတည်းတွင် တစ်ပြိုင်တည်းရရှိနိုင်သည့် ပဲပုပ်မြေပဲကြော်ပြုလုပ်နည်းကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

ပဲပုပ်မြေပဲကြော်ပြုလုပ်ရန်-

- မညက်တညက်ထောင်းထားသော ပဲပုပ်ငါးချပ်၊
- မီးကင်ပြီး မှုန့်ညက်အောင်ထောင်းထားသော ငရုတ်သီးခြောက်ငါးတောင့်၊
- အခွံချွတ်ပြီးသား မြေပဲဆန်(အစိမ်း) လက်ဖက်ရည်ကြမ်းတစ်ပန်းကန်၊
- ဆားသင့်တော်ရုံ၊
- ဆီငါးကျပ်သားခန့် စသည်တို့လိုအပ်သည်။
- ပထမဦးစွာ မြေပဲဆန်(အစိမ်း)ကို မညက်တညက်ထောင်း၍ ဆီပူပူတွင် ကြွပ်သည်အထိကြော်ပါ။
- မြေပဲဆန်ကျက်သွားပါက မညက်တညက်ထောင်းထားသော ပဲပုပ်ကိုကြော်ပါ။
- ငရုတ်သီးခြောက်မှုန့်နှင့် ဆားတို့ကိုထည့်၍ ပဲပုပ်ကြွပ်လာသည်အထိကြော်ပါ။
- ပဲပုပ်ကြွပ်လာပါက မီးဖိုပေါ်မှချ၍ အအေးခံပြီး စားသုံးနိုင်ပါပြီ။

**(မှတ်ချက်)** အချိုအရသာကြိုက်သူများက ဟင်းချိုမှုန့် သို့မဟုတ် သက်သတ်လွတ် Dashi ဟင်းခတ်မှုန့် အနည်းငယ်ကိုထည့်၍ ချက်ပြုတ်နိုင်သည်။

ဗဟုသုတတစ်ရပ်အနေဖြင့် ဖော်ပြရလျှင် ပဲပုပ်သည် ပဲပိစပ်လုံးဝမဟုတ်ပါ။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ပဲပုပ်က Soybean၊ Soya Bean ဖြစ်ပြီး ပဲပိစပ်က Horse Gram (ခေါ်) မြင်းစားပဲဖြစ်သည် (စကားချပ်-ပဲပိစပ်တွင် ပရိုတင်းဓာတ်ကြွယ်ဝသဖြင့် ပြိုင်မြင်းများကို ကျွေးမွေးရာမှ ဈေးကွက်တွင် မြင်းစားပဲဟု အမည်တွင်ခြင်းဖြစ်ကြောင်း၊ ပဲပိစပ်ကို လူတို့စားသုံးခြင်းဖြင့်လည်း အာဟာရများရရှိစေကြောင်း လေ့လာမှတ်သားရပါသည်) ပဲပုပ်စေ့က ဆီထွက်ရှိပြီး ပဲပိစပ်က ဆီလုံးဝမထွက်ပါ။ ယနေ့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာစားသုံးဆီဈေးကွက်တွင်တွေ့ရသော Soybean Oil သည် ပဲပုပ်ဆီသာဖြစ်သည်။ သို့သော် လူအများစုက Soybean Oil ကို ပဲပိစပ်ဆီဟု ထင်မှတ်မှားနေကြသည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့အရေးကြီးဆုံးသီးနှံစာရင်းဝင် ပဲပုပ်ကို အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် သက်သတ်လွတ်စားသုံးသူများပါ အာဟာရရှိရှိစားသုံးသင့်ပါကြောင်းနှင့် ပဲပုပ်ဆီ (ခေါ်)Soybean Oil ကိုစားသုံးခြင်းဖြင့်လည်း ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၄-၂၀၂၄)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊စစ်တွေမြို့နယ်၊မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်သဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန် ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## ပြည်ထောင်စုသား သွေးစည်းညီ

* ပြည်မြန်မာ ဂုဏ်ရှိန်တိုးစေဖို့
တည်ကြည်စွာ မဟာမျိုးတွေရဲ့
စည်းရိုးက ခိုင်ခံ့တည်။

* သမိုင်းတစ်လျှောက်
ဟိန်းဟောက်ကာ ခြောက်မလာပါနဲ့
မကြောက်ပေါင် နောက်နောင်များတိုင်ပ
ဒူးထောက်ကာ ညွှတ်မခံ ပြည်သူများညီလို့
ထိမခံ အသိမှန် ညီနောင်များတွေနဲ့
တည်ထောင်ကာ ဝင့်ကြွားလို့
အားမာန်နှင့်ချီ။

* စနက်မွှေ တဖြောက်ဖြောက်နှောက်သော်လည်း
တစ်ချက်မသွေ ဘယ်အရေးမှ မကြောက်ခဲ့ပါဘု
သွေးသောက်သားလှ မချွတ်စံမီ
အောင်တာရှည်တဲ့ ထွတ်မြတ်သွေး။

* တို့တိုင်းစံဌာနီ မြန်မာပြည်တည်စေဖို့
ဝိုင်းရံကာညီ ကာကွယ်မည်လို့
ဘာမထီ ဇာနည်ဘွားတို့
ယောကျ်ားပီပီ ရည်ဆောင်မှုနဲ့
သွေးစည်းညီ တည်ထောင်ပြုမယ်
အို. . . ညီနောင်ထုတို့ရဲ့
ပြည်ထောင်စုအရေး။ ။

ချမ်းမြဆောင်း(ကလော)

မန္တလေး၊ အားကစား

## ၂၀၂၄ ခုနှစ် ကလပ်အသင်းပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပ

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီတို့ ကြီးမှူးကျင်းပသော ကလပ်အသင်းပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲကို မေလ ၂၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ ဗထူးမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုက်ကွမ်ဒိုကလပ်များမှ နည်းပြများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယင်းပြိုင်ပွဲတွင် သက်တမ်းအလိုက်တိုက်ကွမ်ဒိုပြိုင်ပွဲများကျင်းပပြီး အနိုင်ရရှိသူများအား မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးတိုက်ကွမ်ဒိုဆပ်ကော်မတီဝင်များက ဆုများပေးအပ်ကြကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန(စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင်(အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄° C | / | ၂၉.၅° C |
| ရန်ကုန် | ၂၅° C | / | ၂၉.၆° C |
| မန္တလေး | ၂၅° C | / | ၃၅.၅° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၅-၂၀၂၄ (တနင်္လာနေ့)

၁။ ၆း၀၃ တရားတော်
၂။ ၇း၁၆ မေတ္တာပို့
၃။ ၇း၃၅ မျိုးချစ်တပ်မတော်
၄။ ၇း၄၅ မြန်မာ့ရှုခင်း
၅။ ၉း၂၅ ကျန်းမာသုတ
၆။ ၉း၃၅ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၇။ ၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၈။ ၁၆း၄၅ ဖန်တီးသူရဲ့ဒီဇိုင်း
၉။ ၁၉း၀၀ **(၃၈)ဖြာမင်္ဂလာ -သောဝစဿတာ၊ သမဏာနဉ္စဒဿနံ**
၁၀။ **ညစနာရီ** တရားတော်
၁၁။ **သတင်းအပြီး** သင့်အတွက်မနက်ဖြန်

မင်းဘူး၊ စိုက်ပျိုးရေရရှိရေး

# မင်းဘူးခရိုင်အတွင်း ဆိုလာစနစ်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်း ၁၉ ခု အကောင်အထည်ဖော်ဆောင်ရွက်ထား

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံတောင်သူများ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးတို့အတွက် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၁၉ ခု အကောင်အထည်ဖော်ဆောင်ရွက်ထားကြောင်း မင်းဘူးခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) မှ သိရသည်။



မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ပေးသော တိုင်းဒေသကြီးနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် စိုက်ပျိုးရေရရှိရေးကဏ္ဍအတွက် မင်းဘူး(စကု) မြို့နယ် ကဒီးကျေးရွာ၊ ကြီးပင်ကန်ကျေးရွာနှင့် ကဘဲ့မကျီးချောင်းကျေးရွာတို့မှ တောင်သူ ခုနစ်ဦး၊ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ တောင်သူလေးဦးနှင့် စလင်းမြို့နယ် လက်ပံကျင်းကျေးရွာမှ တောင်သူ ရှစ်ဦးတို့၏ မြေအောက်ရေတွင်းများတွင် ဆိုလာစနစ်သုံးရေတင်စနစ်လုပ်ငန်းပေါင်း ၁၉ ခုကို ချေးငွေ ငွေကျပ် ၇၈ ဒသမ ၃၆၅ သန်းဖြင့် ခွင့်ပြုဆောင်ရွက်ပေးထားရာ လက်ရှိအဆိုပါရေတင်စနစ်ဖြင့် သီးနှံများစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်များအလိုက် ဆည်ရေသောက်မြောင်းဖျားဧရိယာနှင့် စိုက်ပျိုးရေရရှိမှုခက်ခဲသော စိုက်ဧရိယာများ၌ သီးနှံရေလိုအပ်ချိန်တွင် ရေကို လိုအပ်သလိုသွင်းယူနိုင်စေရန် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဒေသခံတောင်သူတစ်ဦးလျှင် ချေးငွေ ငွေကျပ် ၅၆၂၅၀၀၀ နှုန်းဖြင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း၊ ချေးငွေကာလမှာ တစ်နှစ်ဖြစ်ပြီး အတိုးနှင့် အရင်းငွေကို သတ်မှတ်ထားသောလအလိုက် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ မြေအောက်ရေတွင်းများကို 550 W ဆိုလာလေးချပ်တပ်ဆင်ပြီး နေရောင်ခြည်စွမ်းအင်သုံးဆိုလာမှ လျှပ်စစ်မီး 2.2 KW ထွက်ရှိကာ မြင်းကောင်ရေ 2 hp မော်တာအသုံးပြု၍ စိုက်ပျိုးရေရရှိအောင် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးထားကြောင်း၊ ဒေသခံတောင်သူများက မြေအောက်ရေဖြင့် မိုးစပါး၊ ဆောင်းသီးနှံ(နေကြာ၊ ကုလားပဲ၊ ပဲတီစိမ်း) နှင့် နွေသီးနှံ(စပါး၊ နှမ်း၊ ပဲတီစိမ်း)များအပြင် သီးထပ်၊ သီးညှပ်အဖြစ် စားဖိုဆောင်သီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ဦးစီးအရာရှိ ဦးစိုးညွှန့်လင်းကပြောသည်။

ဒေသခံတောင်သူများအနေဖြင့် မြေအောက်ရေတွင်းများတွင် ဆိုလာစနစ်သုံးရေတင်စနစ်ကို အသုံးပြုခြင်းအားဖြင့် မိုးရေကို အားထားစရာမလိုဘဲ တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ခြင်း၊ သီးနှံရာသီအလိုက် စိုက်ပျိုးရေကို လိုအပ်သောအချိန်တွင် လုံလောက်စွာပေးဝေနိုင်ခြင်း၊ စိုက်ပျိုးရေးသွင်းအားစု၊ လျှပ်စစ်ဓာတ်အားခ၊ ရေတင်ဆောင်ရွက်ခ၊ လောင်စာဆီ(ဒီဇယ်နှင့်ဓာတ်ဆီ) ကုန်ကျစရိတ်သက်သာခြင်းတို့အပြင် သီးနှံစိုက်စွမ်းအားမြင့်မားလာပြီး သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည့်အတွက် တောင်သူများ၏ လူမှုစီးပွားဘဝကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

---

ကျိုက်လတ်၊ အသိပညာပေး

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြော

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မေလ ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် သာယာဝဲကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ရဲမှူးထွန်းဦးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမြင့်အောင်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးရှင်းလင်းပြောကြားပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **လှိုင်မင်းအောင်**



---

ဝါးခယ်မ၊ စိုက်ပျိုးရေး

# ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ နေကြာ ဧက ၈၆၉၀ ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံနေကြာ ဧက ၈၆၉၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံနေကြာ ဧက ၈၆၉၀ အထိ စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံနေကြာများကို ယခုနှစ် ဖေဖော်ဝါရီလပထမပတ်မှစတင်ရိတ်သိမ်းရာ လက်ရှိတွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ နေကြာတစ်ဧကလျှင် ၁၃ ဒသမ ၁၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ နေကြာအထွက်နှုန်းကတော့ ကောင်းပါတယ်။ နေကြာတွေအထွက်နှုန်းကောင်းစေဖို့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ တစ်မြို့နယ်လုံးအနေနဲ့ အထွက်တိုးအောင် ခရိုင်နဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်"ဟု ဦးကျော်မိုးဝင်းကပြောသည်။

ဝါးခယ်မမြို့နယ်၌ ဆီထွက်သီးနှံနေကြာများ အထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေသြဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့်နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့်အသုံးပြုမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**သုတကျော်**

---

မြိတ်၊ စိုက်ပျိုးရေး

# သီးနှံပင်များ အထွက်နှုန်းတိုးရေး စိုက်ပျိုးနည်းပညာပေးဆွေးနွေး

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား သီးနှံအထွက်နှုန်းတိုးရေး အကန့်လိုက်စိုက်ပျိုးခြင်း (Strip Cropping) စိုက်ပျိုးနည်းပညာပေးဆွေးနွေးခြင်းကို မေလ ၂၅ ရက်က သဘွတ်ကျေးရွာအုပ်စု သဘွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က အမှာစကားပြောကြားပြီး မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ဒေသခံတောင်သူများအား စိုက်ပျိုးနည်းပညာပေး ဆွေးနွေးပို့ချရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်မြေအသုံးချရေးနှင့် မျိုးစေ့အသုံးချရေးဌာနခွဲတို့မှ တာဝန်ခံများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက သီးနှံပင်များ အကန့်လိုက်စိုက်ပျိုးခြင်း (Strip Cropping) စိုက်ပျိုးနည်းစနစ်များအကြောင်း၊ သီးနှံအောင်မြင်ဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုများအကြောင်းတို့ကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ သဘွတ်ကျေးရွာအုပ်စုအတွင်းရှိ သဘွတ်ကျေးရွာနှင့် ဝန်မယ်ကျေးရွာတို့မှ မိုးစပါးစိုက်တောင်သူများ၊ ကော်ဖီ၊ ကိုကိုးစိုက်ပျိုးကြမည့်တောင်သူများ၊ တခြားသီးပင်စားပင်၊ ပန်းမန်စိုက်ပျိုးကြသူများနှင့် ဥယျာဉ်ခြံလုပ်ကိုင်သူများ စုစုပေါင်း လူဦးရေ ၄၅ ဦးတက်ရောက်ကြကြောင်း သိရသည်။

(၄၁၂)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ထီးလိုမင်းလိုဘုရားကြီးအား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

ရှေးဟောင်းအနုပညာလက်ရာ ခေတ်မီထွန်းကားခဲ့ပုံကို သိမြင်စေနိုင်ကြောင်း၊ ထို့ကြောင့် **သမိုင်းတန်ဖိုးလွန်စွာကြီးမားလှသည့် ရှေးဟောင်းအနုပညာလက်ရာများအား ဘုရားဖူးလာ ပြည်တွင်း၊ ပြည်ပမှဧည့်သည်များ အလွယ်တကူဖတ်မှတ်သိရှိ၍ ကြည်ညိုသပ္ပာယ်တန်ဖိုးထားနိုင်ရေး ရေးသားဖော်ပြထားရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၊ ကျောက်စာတော်များကို အွန်လိုင်းစာမျက်နှာများမှတစ်ဆင့် အလွယ်တကူလေ့လာကြည့်ရှုနိုင်ရေး pagoda digital directory website တွင် ရေးသားဖော်ပြထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းအမွေအနှစ်ဖော်ထုတ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များမှ တာဝန်ရှိသူများနှင့် ဘုရားဖူးလာဧည့်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

## ထီးလိုမင်းလိုဘုရားကြီး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထီးလိုမင်းလိုဘုရားကြီးသို့ရောက်ရှိကြပြီး စာမျက်နှာ ၁၂ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၊ ကျောက်စာတော်များကို အွန်လိုင်းစာမျက်နှာမှတစ်ဆင့် အလွယ်တကူလေ့လာကြည့်ရှုနိုင်ရေး pagoda digital directory website တွင် ရေးသားဖော်ပြထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ထီးလိုမင်းလိုဘုရားကြီးအတွင်း တည်ထားကိုးကွယ်သည့် ရုပ်ပွားတော်မြတ်များအား ရွှေသက်န်းတော်ကပ်လှူရန် ရွှေစင်ရွှေသားများနှင့် ဘက်စုံပြုပြင်ထိန်းသိမ်းရန်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထီးလိုမင်းလိုဘုရားကြီးတွင် သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများကို ထိန်းသိမ်းထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထီးလိုမင်းလိုဘုရားကြီးတွင် သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများကို ထိန်းသိမ်းထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထီးလိုမင်းလိုဘုရားကြီးအတွင်းပရိဝုဏ်အတွင်း သဲကျောက်ပြားလျှောက်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

★ စာမျက်နှာ ၁၁ မှအဆက်

ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ဘုရားကြီးအတွင်း၊ အပြင်တို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ထိန်းသိမ်းထားရှိမှုများနှင့် ဘုရားကြီးအတွင်းပရိဝုဏ်အတွင်း သဲကျောက်ပြားလျှောက်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် **ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ထီးလိုမင်းလိုဘုရားကြီးအတွင်း တည်ထားကိုးကွယ်သည့် ရုပ်ပွားတော်မြတ်များအား ရွှေသင်္ကန်းတော်ကပ်လှူရန် ရွှေစင်ရွှေသားများနှင့် ဘက်စုံပြုပြင်ထိန်းသိမ်းရန်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်သည်။

၂၀၂၃ ခုနှစ် မေလအတွင်း မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ဆင်ဖြူရှင်ကွန်းပလက်၊ ခေမင်္ဂဘုရား၊ သပိတ်မှောက်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ လေးမျက်နှာဘုရား၊ ဆင်ပေါင်းအုတ်ကျောင်း၊ ဓမ္မရာဇကအနီးရှိဘုရား၊ ပုဂံမျှော်ဘုရား၊ ရွာဟောင်းကြီးဘုရား၊ ရွှေနန်းရင်တောဘုရားတို့၌ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး ရှေးဟောင်းဘုရား/အဆောက်အအုံ ၈ ခုတို့တွင် ထိခိုက်ပျက်စီးမှု အနည်းငယ်ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်လမ်းညွှန်ချက်များနှင့်အညီ ရှေးဟောင်းလက်ရာမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် အနီးဝန်းကျင်တစ်ဝိုက် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများလျော့ကျစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# သဲကန္တာရတိုက်ဖျက်ရေးနှင့်မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့



" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

လမင်းသန်း
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

နှစ်စဉ်ဇွန်လ ၅ ရက်နေ့မှာကျရောက်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို အများပြည်သူတို့ အတန်အသင့် သိရှိကြပြီးဖြစ်ပါတယ်။ ယနေ့ မျက်မှောက် ကမ္ဘာမှာကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုပြဿနာများကို မီးမောင်းထိုးပြပြီး အလေးထား ဖြေရှင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်လျက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များကို နှစ်စဉ်ထုတ်ပြန်သတ်မှတ်ပေးခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးတွေမှာ လှည့်လည်ကျင်းပလျက်ရှိပါတယ်။ ၁၉၇၃ ခုနှစ်မှ စတင်သန္နေတည်ခဲ့ပြီး ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (United Nation Environment Programme-UNEP) က ဦးဆောင်တဲ့ ကမ္ဘာ့

> ကမ္ဘာ့နေရာအနှံ့အပြားမှာ နှစ်စဉ် မြေဟက်တာ ၁၂ သန်းခန့်ဟာ သဲကန္တာရ ဖြစ်ထွန်းမှုကြောင့် စိုက်ပျိုး၍မရတဲ့ မြေတွေအဖြစ် ပြောင်းလဲဖြစ်ပေါ်စေခဲ့ပါတယ်။ ယင်းအကျယ်အဝန်းဟာ တောင်အာဖရိကနိုင်ငံ အကျယ်အဝန်းရဲ့ ဆယ်ပုံတစ်ပုံစာရှိတယ်လို့ အချက်အလက်တွေက ဆိုပါတယ်။ မြေတွေဟာ အပင်တွေရဲ့ အကာအရံကင်းမဲ့တဲ့အခါ ရေ၊ လေတို့ရဲ့ တိုက်စားမှုကို ခံလာရပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟာ မျက်မှောက်ကမ္ဘာမှာ ရင်ဆိုင်နေရတဲ့ အဆိုးရွားဆုံး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေကို မီးမောင်းထိုးပြပြီး ပြဿနာတွေကို အလေးထားဖြေရှင်းစေဖို့၊ ကာကွယ်ထိန်းသိမ်းရေး အလုပ်တွေကို တွန်းအားပေးလုပ်ဆောင်စေဖို့ အမြဲကူညီနှိုးဆော်ပေးနေတာလည်း ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ ကျရောက်တဲ့ (၅၁) ကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ရဲ့ အထိမ်းအမှတ် ဆောင်ပုဒ်ကတော့ "Land Restoration, Desertification and Drought Resilience" “သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး” ဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံမှာ အိမ်ရှင်အဖြစ်ကြီးမှူးကျင်းပသွားမှာဖြစ်ပါတယ်။ မြေယာပျက်စီးမှု၊ သဲကန္တာရဖြစ်ထွန်းမှုနဲ့ မိုးခေါင်ရေရှားမှုတို့ဟာ အစဉ်အမြဲသတိမမူခဲ့ကြပေမယ့် ဆောင်ပုဒ်သတ်မှတ်ချက်အရ မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတွေဖြစ်နေကြတာကို သတိချပ်သင့်ပါတယ်။ ပြဿနာသုံးခုကလည်း တစ်ခုနဲ့တစ်ခု ဆက်စပ်သက်ရောက်ကြတာလည်း ဖြစ်ပါတယ်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို လက်ခံကြီးမှူးကျင်းပတဲ့ အနောက်အာရှမှာ ဒုတိယမြောက် အကြီးဆုံးနိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေဗျနိုင်ငံဟာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ အသုံးပြုကာ နိုင်ငံမှာ ပျက်စီးယိုယွင်းနေတဲ့ မြေယာတွေကို ၂၀၄၀ ပြည့်နှစ်မှာ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပြုပြင်ရန် ရည်မှန်းထားပြီး ဆော်ဒီနိုင်ငံရဲ့ နိုင်ငံတကာမှာ ခေါင်းဆောင်မှုပေးနိုင်တဲ့အချက်ကိုလည်း အောက်မေ့ဂုဏ်ပြုအပ်ပါတယ်။

သဲကန္တာရဖြစ်ထွန်းခြင်းဟာ ကမ္ဘာလုံးဆိုင်ရာ ထင်ရှားတဲ့ ပတ်ဝန်းကျင်ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ အဲ့ဒီပြဿနာကို လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ခန့်ကစပြီး ကမ္ဘာက သတိပြုမိလာကြတာပါ။ ဒါကြောင့် ၁၉၉၂ ခုနှစ် ရီယိုကမ္ဘာ့ထိပ်သီးအစည်းအဝေးမှာ သဲကန္တာရဖြစ်ထွန်းခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနဲ့ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတွေဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းကို စိန်ခေါ်နေတဲ့ အရာတွေဖြစ်တယ်လို့ သတ်မှတ်ခြင်းခံထားရပါတယ်။ ၁၉၉၄ ခုနှစ်မှာ ကုလသမဂ္ဂအထွေထွေညီလာခံက “ကုလသမဂ္ဂ သဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD)” ကို တည်ထောင်ခဲ့ပြီး ဆုံးဖြတ်ချက်အမှတ် A/RES/49/115 ဖြင့် နှစ်စဉ် ဇွန်လ ၁၇ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးနေ့” (International Day Against Desertification, and Drought) ကို သတ်မှတ်ခဲ့ပါတယ်။ ယခုနှစ်ဟာ သဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း နှစ်(၃၀) ပြည့်မြောက်တဲ့ မှတ်တမ်းနှစ်လည်း ဖြစ်ပါတယ်။

သဲကန္တာရဖြစ်ထွန်းမှုနဲ့ မိုးခေါင်မှုတိုက်ဖျက်ရေးအတွက်၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂသဲကန္တာရနှင့် သဲကန္တာရ တိုက်ဖျက်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်တည်ထောင်ရေး ဆယ်စုနှစ် (UN Decade on Ecosystem Restoration) အဖြစ် သတ်မှတ်ထားရှိပါတယ်။ ဆောင်ပုဒ်သတ်မှတ်ချက်ရဲ့ မြေယာပြန်လည်ပြုပြင်ပေး (Land Restoration) လုပ်ငန်းစဉ်ကလည်း ဆယ်စုနှစ် ဂေဟစနစ် တည်ထောင်ရေးအတွက် အဓိကမဏ္ဍိုင် (Key Pillar) တစ်ခုလည်း ဖြစ်ပါတယ်။

ကမ္ဘာ့နေရာအနှံ့အပြားမှာ နှစ်စဉ် မြေဟက်တာ ၁၂ သန်းခန့်ဟာ သဲကန္တာရ ဖြစ်ထွန်းမှုကြောင့် စိုက်ပျိုး၍မရတဲ့မြေတွေအဖြစ် ပြောင်းလဲဖြစ်ပေါ်စေခဲ့ပါတယ်။ ယင်းအကျယ်အဝန်းဟာ တောင်အာဖရိကနိုင်ငံ အကျယ်အဝန်းရဲ့ ဆယ်ပုံတစ်ပုံစာရှိတယ်လို့ အချက်အလက်တွေက ဆိုပါတယ်။ မြေတွေဟာ အပင်တွေရဲ့ အကာအရံကင်းမဲ့တဲ့အခါ ရေ၊ လေတို့ရဲ့ တိုက်စားမှုကို ခံလာရပါတယ်။ ဥပမာအားဖြင့် တောင်အာဖရိကနိုင်ငံမှာ ရေတိုက်စားခံရမှုကြောင့် နှစ်စဉ် အပေါ်ယံမြေသားတန် သန်း ၃၀၀ မှ ၄၀၀ ခန့်အထိ ဆုံးရှုံးနေရပါတယ်။ ကမ္ဘာအနှံ့အပြား ယနေ့ကြားနေရတဲ့ အသံတွေရှိပါတယ်။ "Our lakes are shriveling up. Our forests are disappearing. Our farms are turning into dustbowls" “ငါတို့ရေကန်တွေက ရွတ်တွတွ။ ငါတို့ သစ်တောတွေက ပျောက်ရှရှ။ ငါတို့လယ်တွေက ဖုန်ထထ” စသည်ဖြင့် ယိုယွင်းပျက်စီးမှုတွေဖြစ်ပါတယ်။ လက်ရှိတွင်လည်း ကမ္ဘာ့မြေဆီလွှာ ငါးပုံတစ်ပုံဟာ စိုက်ပျိုးမြေအဖြစ်မှ ပျက်စီးယိုယွင်းနေသော အခြေအနေဖြစ်နေပါတယ်။

မြန်မာနိုင်ငံမှာလည်း ယခုနှစ် ၂၀၂၄ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးစတဲ့ အလယ်ပိုင်းဒေသတွေဟာ ကမ္ဘာ့အမြင့်ဆုံး အပူချိန်စံချိန်သစ်တွေနဲ့အတူ ကမ္ဘာကျော်နေပါတယ်။ သစ်ကြီးဝါးကြီး ပေါက်ရောက်မှုနည်းပါးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ အခါမဲ့ ပြင်းထန်မိုးခံစားရခြင်းတို့ကြောင့် အပေါ်ယံမြေဆီလွှာဆုံးရှုံးမှုနဲ့အတူ အပင်များသဘာဝမျိုးဆက်ရန်ခက်ခဲတဲ့ အခြေအနေဖြစ်ပါတယ်။ ၎င်းအခြေအနေတွေဟာ ကန္တာရဖြစ်ထွန်းမှု (Desert Like Formation) ကို ဦးတည်နေတဲ့ အခြေအနေတွေဖြစ်တယ်ဆိုတာ သတိချပ်သင့်ပါတယ်။

ဒီနေရာမှာ ကုလသမဂ္ဂ သဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) ရဲ့မျှော်မှန်းတွက်ချက်မှုတွေကိုလည်း မှတ်မှတ်သားသား ဖော်ပြလိုပါတယ်။ ကမ္ဘာပေါ်မှာ သဲကန္တာရဖြစ်ထွန်းနိုင်တဲ့ အခြေအနေတွေကြောင့် နောင်ဆယ်နှစ်အတွင်း လူသန်းပေါင်း ၅၀ ကျော် အပူပိုင်းနေရပ်ဒေသမှ အခြားဒေသတွေသို့ ပြောင်းရွှေ့ကြရမည်ဖြစ်ကြောင်း ခန့်မှန်းထားချက်၊ ၂၀၅၀ ပြည့်နှစ်မှာ မိုးခေါင်မှုနဲ့ ပူပြင်းခြောက်သွေ့မှု အကျိုးဆက်တွေဟာ ကမ္ဘာ့လူဦးရေရဲ့ လေးပုံသုံးပုံအပေါ် သက်ရောက်နိုင်တယ်လို့ ခန့်မှန်းချက်၊ ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး မိုးခေါင်မှုကာလ အကြိမ်အရေအတွက်ဟာ ၂၉ ရာခိုင်နှုန်းတိုးလာခဲ့ပြီး လူပေါင်း ၅၅ သန်းဟာ မိုးခေါင်မှုဒဏ်ကို နှစ်စဉ်ခံစားရမည်ဖြစ်ကြောင်း ခန့်မှန်းချက်၊ ၂၀၄၀ ပြည့်နှစ်မှာ ကလေး လေးဦးလျှင် တစ်ဦးနှုန်း ရေပြတ်လပ်မှုဒဏ်ခံစားရမည်ဖြစ်ကြောင်း ခန့်မှန်းချက်၊ ၁၉၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မိုးခေါင်မှု၊ ပူပြင်းခြောက်သွေ့မှုကြောင့် လူပေါင်း ၂ ဒသမ ၇ သန်းအပေါ် သက်ရောက်ခဲ့ပြီး ၁၁ ဒသမ ၇ သန်း အသက်ဆုံးရှုံးခဲ့ရကြောင်း ခန့်မှန်းဖော်ပြချက်တို့ဖြစ်ပါတယ်။ တွက်ချက်ခန့်မှန်းမှုတွေကို (Projection) လို့သုံးနှုန်းပြီး ၎င်းခန့်မှန်းချက်တွေဟာ အမှန်တကယ်ဖြစ်လေ့ရှိပြီး ခန့်မှန်းဖြစ်ပေါ်မှုတွေဟာ ကမ္ဘာလောကအတွက် အဆင်မပြေသော၊ မနှစ်မြို့ဖွယ်ဖြစ်သော အခြေအနေတွေကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရမှာ မသက်သာတဲ့ အမုန်းတရား (Inconvenience Projection) ဆိုတာ ပြောစမှတ်တွင်လှပါတယ်။

မြေယာပျက်စီးမှု၊ သဲကန္တာရဖြစ်ထွန်းမှုနဲ့ မိုးခေါင်ရေရှားမှုအကြောင်းစဉ်းစားလျှင် အကြိမ်ကြိမ်နားရည်ဝခဲ့သော ဆရာကြီးဇော်ဂျီ၏ “သဲပင်လယ်” ကဗျာကို အမြဲကြားယောင်ရပါတယ်။ **“တောပင်ကိုတော်တော်ခုတ်ကြ၊ တောပြုတ်လိမ့် နောက်နောင်၊ တောပြုတ်လို့ တောပြောင်၊ မိုးခေါင်တော့မှာပဲ၊ မိုးခေါင်လို့ ရေမကြွယ်၊ သဲပင်လယ် ဖြစ်လိမ့်မလွဲ”** ဖြစ်ပါတယ်။

စာမျက်နှာ ၁၄ သို့ ➤

➤ စာမျက်နှာ ၁၃ မှအဆက်

ပြောင်ခြင်း၊ ခေါင်ခြင်းဖြစ်တဲ့ တောပြောင်ခြင်း၊ မိုးခေါင်ခြင်းမှသည် သဲကန္တာရဖြစ်ထွန်းခြင်း၊ မြေယာပျက်ယွင်းခြင်းဖြစ်စဉ်တို့အား မြင်သာစေပါတယ်။ သဲကန္တာရဖြစ်ထွန်းခြင်းနဲ့အတူ စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်ငန်းများကျဆင်းလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးလာခြင်း၊ ဆင်းရဲမှု မြင့်မားလာခြင်း၊ ပညာရေး၊ ကျန်းမာရေးတို့လည်း နိမ့်ကျလာခြင်းစတဲ့ ကွဲကူးရေပါ နောက်ဆက်တွဲဆိုးကျိုးတွေလည်းဖြစ်ရပါတယ်။

မြေယာပြုပြင်ရေး၊ သဲကန္တာရတိုက်ဖျက်ရေး၊ မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး အခြေခံကုထုံးတွေကတော့ သစ်တောများပြန်လည်တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ရေသုံးစွဲမှုချွေတာခြင်း၊ ရေသယံဇာတများ ထိန်းသိမ်းခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်မှု၊ စားကျက်ချမှု၊ မြို့ရွာများတိုးချဲ့မှု၊ သတ္တုတူးဖော်မှု၊ ဆည်တာတမံတည်ဆောက်မှု၊ သစ်ထုတ်လုပ်မှု၊ တောအပြောင်ရှင်းမှု၊ ရွှေ့ပြောင်းတောင်ယာခုတ်မှုစသည့် ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများအား အလွန်အကျွံမဖြစ်စေခြင်းစသည်တို့ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတွင် သဘာဝကြောင့်ဖြစ်ရခြင်း (Natural Phenomenon) သည် ၁၀ ရာခိုင်နှုန်းခန့်သာဖြစ်ပြီး လူလုပ်ဒုက္ခ/လူသားပယောဂ (Anthropogenic) ကြောင့် ဖြစ်ရခြင်းဟာ ၉၀ ရာခိုင်နှုန်းဖြစ်တယ်ဆိုတာ အချက်အလက်များအရ ထင်ရှားပါတယ်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP)ရဲ့ အချက်အလက်ဖော်ပြချက်တစ်ခုတွင် "ယခုအခါ ကမ္ဘာ့မြေဆီလွှာ၏ သုံးပုံတစ်ပုံသည် လူသားတို့ရဲ့ လုပ်ဆောင်ချက်ကြောင့် ပျက်စီးယိုယွင်းသွားခဲ့ပါသည်။"လို့ ဖော်ပြထားပါတယ်။ သို့အတွက် လူသားတို့ရဲ့ အသိ၊ သတိ၊ ဆောင်ရွက်လိုမှု၊ ဆောင်ရွက်မှုအခန်းကဏ္ဍဟာ အရေးကြီးလှပါတယ်။ မူဝါဒချမှတ်သော ဌာန/အဖွဲ့အစည်းများမှသည် တစ်ဦးတစ်ယောက်ချင်းသည် (Think Globally, Act Locally) ဖြစ်တဲ့ ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင်တတ်ရန်၊ လုပ်နိုင်သည်မှ စတင်လုပ်ဆောင်ကြရန် လိုအပ်ပါတယ်။

ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် သဲကန္တာရဖြစ်နိုင်ခြေရှိသော အပူပိုင်းဒေသများတွင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း၊ ပြည်သူလူထုသို့ အသိပညာပေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း လုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။

လူသားတို့ စောင့်ရှောက်အပ်သောတရား (၃)ပါးမှာ မိမိတို့ ကိုယ်တိုင်မှအစ ကျင့်ဝတ်၊ နီတိ၊ အဆုံးအမတို့နဲ့အညီ နေထိုင်ခြင်း (ဗုဒ္ဓတ္ထစရိယာ)၊ မိမိတို့၏ စွမ်းဆောင်ရည်တို့ဖြင့် လူမှုဝန်းကျင်အား ထောက်ပံ့စောင့်ရှောက်ခြင်း (ဉာတတ္ထစရိယာ)နဲ့ လောကကမ္ဘာအား စောင့်ရှောက်ခြင်း (လောကတ္ထစရိယာ) စတဲ့တရားတို့ ပြဋ္ဌာန်းထားရှိပါတယ်။ လူသားတွေအသက်ရှင် ရပ်တည်ရေးအတွက် အချိန်နဲ့အမျှ အမှီပြုနေရတဲ့ လောကကမ္ဘာကြီးကို လူသားတို့မှ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန် ဌာနအဖွဲ့အစည်းတို့မှသည် တစ်ဦးတစ်ယောက်မှလည်း ဝိုင်းဝန်းပါဝင်ကူညီကြရန် လိုအပ်လှပါတယ်။

"We are the first generation to now fully understand the immense threats to the land and might be the last one with a chance to reverse the course of destruction." "ကျွန်ုပ်တို့သည် မြေယာဆိုင်ရာ ခြိမ်းခြောက်မှုများကို ယခုအခါ အပြည့်အဝနားလည်နိုင်သည့် ပထမမျိုးဆက်များဖြစ်ကြပြီး ပျက်စီးခြင်းလမ်းစဉ်ကို နောက်ပြန်လှည့်ရန် အခွင့်အရေးရှိသည့် နောက်ဆုံးမျိုးဆက်လည်း ဖြစ်နိုင်သည်" ကို နားလည်အပ်ပါတယ်လို့ ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP) က ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် နှိုးဆော်ဖော်ပြထားပါတယ်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) ရဲ့ နောက်ထပ်နှိုးဆော်ချက်တစ်ခုက "We are the generation that can make peace with land. So let us undo the damage we have done, let us give our children and our children's children a chance at a better future." "ငါတို့က အားလုံးအတွက် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်တဲ့ မျိုးဆက်တွေပေါ့။ ငါတို့လုပ်ခဲ့တဲ့ ပျက်စီးဆုံးရှုံးမှုတွေကို ပြန်လည်ပြုပြင်ကြရအောင်၊ ငါတို့ သားသမီးမြေးမြစ်တွေကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေနဲ့ အခွင့်အရေးပေးကြပါစို့။" ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ရဲ့ "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ဆောင်ပုဒ်သတ်မှတ်ချက်အားကြွေးကြော်ရင်း ၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ ကျရောက်မယ့် (၅၁) ကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုလိုက်ပါတယ်။ ။

**ကိုးကားချက်**

§ Saudi Arabia to host World Environment Day 2024 with a focus on land restoration, desertification, and drought resilience (unep.org)

§ Desertification and Drought Day 2024:။ "United for Land: Our Legacy. Our Future" |UNCCD

§ Land restoration | Action Against Desertification | Food and Agriculture Organization of the United Nations (fao.org)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက် ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ရန်ကုန် မေ ၂၆

# အရှေ့တောင်အာရှဂျူနီယာချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်အားကစားအဖွဲ့က ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်တစ်ခုဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်ခဲ့

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ၂၀၂၄ ခုနှစ် မေလ ၂၂ ရက်မှ ၂၆ ရက်အထိကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှဂျူနီယာချန်ပီယံရှစ်ကြက်တောင်ပြိုင်ပွဲ ၂၀၂၄ (Badminton Asia South East Asia(Under 17 & Under 15) REGIONAL JUNIOR CHAMPIONSHIP 2024) တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာကြက်တောင်အားကစားအဖွဲ့သည် ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၇ ခုဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှသိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာကြက်တောင်အားကစားသမားများသည် ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အရှေ့တီမောနှင့် အိမ်ရှင်လာအိုနိုင်ငံတို့မှ ကြက်တောင်အားကစားသမားများနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အသက် ၁၅ နှစ်အောက်နှင့် အသက် ၁၇ နှစ်အောက် ပြိုင်ပွဲတိုင်းတွင် ပြိုင်ဘက်များအား ပွဲပြတ်များဖြင့်အနိုင်ရရှိခဲ့ပြီး နိုင်ငံအတွက် ဆုတံဆိပ်များကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။




ဆုရရှိမှုအနေဖြင့် အသက် ၁၅ နှစ်အောက် အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အသက် ၁၇ နှစ်အောက် အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အသက် ၁၅ နှစ်အောက်ပြိုင်ပွဲများဖြစ်သည့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အုပ်စိုးခန့်က ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ယွန်းသက်ထားမောင်က ရွှေတံဆိပ်တစ်ခု၊ သဒ္ဒါထက်ကျော်က ငွေတံဆိပ်တစ်ခု၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အုပ်စိုးခန့်နှင့် မြင့်မြတ်လင်းတို့အတွဲက ရွှေတံဆိပ်တစ်ခု၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အုပ်စိုးခန့်နှင့် သဒ္ဒါထက်ကျော်တို့အတွဲက ရွှေတံဆိပ်တစ်ခု၊ မြင့်မြတ်လင်းနှင့် ယွန်းသက်ထားမောင်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် သဒ္ဒါထက်ကျော်နှင့် ယွန်းသက်ထားမောင်တို့အတွဲက ရွှေတံဆိပ်တစ်ခု အသီးသီး ဆွတ်ခူးရရှိကြသည်။

ထို့အတူ အသက် ၁၇ နှစ်အောက်ပြိုင်ပွဲများဖြစ်သည့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဟိန်းသီဟအောင်က ငွေတံဆိပ်တစ်ခု၊ ဉာဏ်ရှိန်လင်းကရွှေတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် လင်းလင်းထက်က ရွှေတံဆိပ်တစ်ခု၊ ရှိန်လမိန်းက ငွေတံဆိပ်တစ်ခု၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဟိန်းသီဟအောင်နှင့်ရှိန်လမိန်းတို့အတွဲက ရွှေတံဆိပ်တစ်ခု၊ ဉာဏ်ရှိန်လင်းနှင့်လင်းလင်းထက်တို့အတွဲက ငွေတံဆိပ်တစ်ခု၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ဟိန်းသီဟအောင်နှင့် ဉာဏ်ရှိန်လင်းတို့အတွဲက ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် လင်းလင်းထက်နှင့်ရှိန်လမိန်းတို့အတွဲက ရွှေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာကြက်တောင်အားကစားအဖွဲ့အနေဖြင့် ကြက်တောင်ကစားသမားရှစ်ဦးဖြင့် ပြိုင်ပွဲဝင်ခဲ့ကာ ဆုတံဆိပ်များကိုဆွတ်ခူးရယူခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် ကမ္ဘောဒီးယားနိုင်ငံတွင်ပြုလုပ်သည့် ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၁ ခုဆွတ်ခူးရရှိခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင် ယခင်နှစ်အောင်မြင်မှုထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှသိရသည်။

**ဝန်းရံ၁**

နေပြည်တော် မေ ၂၆

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ




ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမား များစွာပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပခဲ့သည်။

ယနေ့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကယားပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၂၇ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)သုံးယောက်တွဲအဖွဲ့လိုက်အုပ်စုပြိုင်ပွဲ ပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

ရန်ကုန် မေ ၂၆

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်



ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ ယနေ့ညနေ ၃ နာရီခွဲတွင် ဂေါက်သီးရိုက်ကစားသမား Mr.Nguyen Tuan Minh သည် ကစားဖော်များဖြစ်သော Mr. Nguyen Huu Nghia၊ Mr.Nguyen Tien Luc၊ Mr.Nguyen Thang Binh တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၅)၌ Taylar Made No.1 ဘောလုံးကို Mizuno Iron.4 တုတ်ဖြင့် ၁၇၉ ကိုက်အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One)သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ်တာယာနှစ်လုံး တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ်လက်မှတ်များနှင့် Mytel မှ ငွေသားဆုငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၂)ကြိမ်မြောက် ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားကြောင်း သတင်းရရှိသည်။

**(၅၀၀)**

■ စေတီတော်မြတ်ကြီးရှိငါးရောင်းဆယ်ဇာတ်တော်စဥ့်ကွင်းများ၊ ကျောက်သပိတ်တော်ကြီးများ၊ သုဓမ္မာဇရပ်များရှိ မြန်မာ့ဗိသုကာပညာရပ်အမွေအနှစ်များကို ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေး၍ မူလလက်ရာမပျက် ထိန်းသိမ်းပြုပြင်မှုများ ဆောင်ရွက်ထားရှိရန်လို . . .





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က ရွှေစည်းခုံစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကိုပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရွှေစည်းခုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ထားရှိမှုအခြေအနေများနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ဂေါပကအဖွဲ့ဝင်တစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှအဆက်

ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှတာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များက ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ထားရှိမှုအခြေအနေများနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ရွှေစည်းခုံစေတီတော်မြတ်ကြီး
ပရိဝုဏ်အတွင်း
လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

■ ညဏ်တော် ၁၂ ပေရှိ ရုပ်တော်မူကြေးဆင်းတုတော်များသည် ပုဂံခေတ်ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ဟန် ပီပြင်တင့်တယ်တော်မူပြီး သာမန်ကြေးသွန်းထားခြင်းမဟုတ်ဘဲ အတွင်းမှ ဖောင်းထုတ်ပုံဖော်စေသည့် "ကြေးခတ်" လက်ရာဖြစ်သဖြင့် ရှေးဟောင်းအနုပညာလက်ရာ ခေတ်မီ ထွန်းကားခဲ့. . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညဏ်တော် ၁၂ ပေရှိ ရုပ်တော်မူ ကြေးဆင်းတုတော်အား ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရှေးဟောင်းအမွေအနှစ်လက်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရှေးဟောင်းအမွေအနှစ်လက်ရာများကို ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် **စေတီတော်ကြီး ရင်ပြင်တော်တွင်ခင်းကျင်းထားသည့် ကျောက်ပြားများ၏ အချို့နေရာများသည် မိုးရွာသွန်းပြီးနောက် ရေတင်ကျန်မှုများဖြစ်ပေါ်နိုင်သဖြင့် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လို**ကြောင်း၊ စေတီတော်မြတ်ကြီးရှိ ငါးရာ့ငါးဆယ်ဇာတ်တော်စဉ့်ကွင်းများ၊ ကျောက်သပိတ်တော်ကြီးများ၊ သုခမ္မာဇရပ်များရှိ မြန်မာ့ဗိသုကာပညာရပ်အမွေအနှစ်များကို ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ မူလလက်ရာမပျက်ထိန်းသိမ်းပြုပြင်မှုများဆောင်ရွက်ထားရှိရန်လိုကြောင်း၊ **တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့်ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ်စစ်ဆေးဆောင်ရွက်နေရမည်ဖြစ်**ကြောင်း၊ စေတီတော်မြတ်ကြီး၏ အရပ်လေးမျက်နှာရှိ ကြေးဂူတိုက် ၄ ခုအတွင်းတည်ထားပူဇော်ထားရှိသည့် ညဏ်တော် ၁၂ ပေရှိ ရုပ်တော်မူ ကြေးဆင်းတုတော်များသည် ပုဂံခေတ်ရုပ်တော်မူဗုဒ္ဓရုပ်ပွားတော်ဟန် ပီပြင်တင့်တယ်တော်မူပြီး သာမန်ကြေးသွန်းထားခြင်းမဟုတ်ဘဲ အတွင်းမှ ဖောင်းထုတ်ပုံဖော်စေသည့် "ကြေးခတ်" လက်ရာဖြစ်သဖြင့်

**စာမျက်နှာ ၁၁ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 26

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pay homage to famous pagodas in Bagan Ancient Cultural Zone


Senior General Min Aung Hlaing and wife accept a Dhamma gift.


Senior General Min Aung Hlaing goes round on the platform of Htilo Minlo Pagoda.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, the entourage, the Mandalay Region chief minister, the Central Command commander and officials, this morning paid homage to famous pagodas in Bagan Ancient Cultural Zone.

**Shwesigon Pagoda**

First, the Senior General and wife and party arrived at Shwesigon Pagoda built by king Anawrahta and Kyansittha and were welcomed by members of the pagoda broad of trustees. The Senior General and wife paid homage to the pagoda and offered flowers, water, lights to the Buddha Images and donated cash for multiple uses. Officials of the board accepted the donations and presented a Dhamma gift to the Senior General.


Senior General Min Aung Hlaing greets owners of souvenir shops at Shwesigon Pagoda.


Senior General Min Aung Hlaing inspects conservation of ancient architectural works in the pagoda compound.

The board members reported on offering of gold foils to the pagoda and the ongoing efforts to cover the whole exterior surface of the pagoda with gold foils. The Senior General attended to their needs.

The Senior General and wife and party visited the pagoda clock wise, inspected the conservation of ancient artworks in the pagoda compound. In response to the reports presented by officials, the Senior General said renovation is required as rain water may remain on some places of tile laid surface.

See Page - 21

# State Administration Council

# Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

AGRICULTURE

# More than 21,000 acres of pulses and beans harvested in Kyunhla Township

According to the statistics of Kyunhla Township Agriculture Department, a total of 21,897 acres of pulses and beans have been harvested in Kyunhla Township.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, said: "The whole township grew 21,897 acres of pulses and beans. These have been harvested so far. Our department helps local farmers with agricultural techniques, use of quality strains of crops and prevention of pests."

Local farmers harvested 11,725 acres of black bean with yield of 12.51 baskets per acre, 18 acres of butter bean with 13.28 baskets, 2,119 acres of blue bean with 13.25 baskets, 239 acres of chickpea with 22.75 baskets, 7,335 acres of green pea with 18.21 baskets, and 461 acres of lentil with 12.71 baskets.

The township earmarked 19,753 acres of beans in 2023-24 financial year. Local farmers could grow 21,897 acres of beans exceeding the target of cultivation, with 2,144 surplus of sown acreage.

In 2022-2023 FY, local farmers cultivated 19,753 acres of pulses and beans. In 2023-2024 FY, the township scheduled to grow 16,912 acres of monsoon beans but local farmers planted 5,410 acres of green gram and 11,532 acres of pigeon pea, totalling 16,942 acres, exceeding the target of cultivation.

**SMK**

AGRICULTURE

# More than 2,000 acres of pre-monsoon long staple cotton cultivated in Yamethin Township

"A total of 2,261 acres of croplands have been placed under pre-monsoon long staple cotton in Yamethin Township of Mandalay Region," said U Aung Myo Thant, head of Yamethin Township Agriculture Department.

The township earmarked 2,800 acres of pre-monsoon long staple cotton this financial year. Local farmers started cultivation of cotton in March this year. So far, they have grown 2,261 acres of cotton plantations using the strains of cotton as Shwedaung-10, Shwedaung-8 and Ngwechi-6. Most of the farmers cultivated Shwedaung-10 strain of cotton. They continue cultivation of pre-monsoon long-staple cotton in remaining areas.

"Long staple cotton is suitable for the region. It is a high demand crops at home. Thanks to local farmers, local cotton ginning factories can get cotton raw materials for production. Trading of cotton is not difficult at the market," he explained.

The township earmarks growing of pre-monsoon long staple cotton on 2,800 acres of croplands with the irrigated water. The township produces pre-monsoon, monsoon and late-monsoon cottons in seasons. In harvesting cotton, local farmers earn incomes from high prices of crops. As cotton is resilient of climatic conditions, farmers prefer to grow it depending on the climate change process.

**SK**

AGRICULTURE

# Pwintphyu Township farmers cultivate 2,271 acres of pre-rain green beans

"A total of 2,271 acres of pre-rainy green beans have been planted in Pwintphyu Township, Magway Region during this year's summer crop planting season," said Daw Moe Moe Wai, head of the Department of Agriculture for the township.

It is known that the local farmers in Pwintphyu Township cultivate the green beans which are distributed by Mezali Dam during the rain crop and summer crop growing season. In this summer crop growing season, it was planted as a pre-rain crop starting at the end of February. To date, 2,271 acres of prerain green beans has been planted.

"In addition to sufficient water supply, the agricultural land has a good agricultural development. We ask the local farmers to use good varieties and natural fertilizers for green bean cultivation and provide support to those who educate them to make and use pesticides," she said.

It is reported that they are providing comprehensive assistance in agricultural education activities to have correct planting methods, to control pest and to use the proper proportion of agricultural inputs.

**SK**

BANGLADESH

# Nearly 1 mln evacuated as Cyclone Remal approaches Bangladesh

Bangladesh has begun evacuating millions of people ahead of Cyclone Remal, which is expected to bring winds as fast as 130 kmph when it makes landfall.

The cyclonic storm in the Bay of Bengal is poised to cross the country's coastlines between Sunday evening and midnight.

Bangladesh Meteorological Department on Sunday warned of the danger of flooding, landslides and a storm surge.

The great danger signal No. 10 has been sounded for the country's coastal districts and seaports where fishing boats, trawlers and maritime vessels have been advised to remain in shelter till further notice.

At 9:00 a.m. local time Sunday, the cyclone was centered 295 km south of Bangladesh's Mongla port in the southern Khulna region and 380 km southwest of Chattogram port in southeastern Bangladesh, said the bulletin signed by Kh Hafizur Rahman, a meteorologist at BMD.

Bangladeshi State Minister for Disaster Management and Relief Md Mohibur Rahman told Xinhua that at least 800,000 people from 10 most vulnerable districts have already been evacuated to shelters.

He said Bangladesh's navy, coast guard, police, voluntary organizations and political parties were supporting the ongoing massive evacuation efforts.

Television footage showed widespread flooding in the low-lying areas of coastal districts.

Due to the peripheral effect of the severe cyclone and steep pressure gradient, the low-lying areas of the coastal districts of Khulna and Chattogram are likely to be inundated by a wind-driven surge of 8-12 feet height above normal astronomical tide, reads the bulletin.

Bangladesh Inland Water Transport Authority has suspended operations of all types of river vessels on all inner routes. Authorities of Chattogram Seaport have ordered to stop unloading of cargo at the outer anchorage and asked all the vessels anchored there to go to the deep sea. **Xinhua**

ISRAEL

# Israel agrees to resume hostage deal talks with Hamas next week

Israel has agreed to renew talks with Hamas on a hostage deal next week, with the mediation of Egypt, Qatar and the United States, Israel's state-owned Kan TV reported on Saturday.

According to the report, at a meeting in Paris on Friday, David Barnea, chief of the Israeli Mossad intelligence agency, presented a new proposal approved by the Israeli war cabinet to William Burns, director of the U.S. Central Intelligence Agency, and Qatari Prime Minister Sheikh Mohammed bin Abdulrahman bin Jassim Al Thani.

An Israeli government official, speaking on condition of anonymity, confirmed that Barnea returned to Israel Saturday morning following his meeting with William Burns and Sheikh Mohammed bin Abdulrahman bin Jassim Al Thani in Paris.

The official told Xinhua that the three officials discussed the basis for continuing negotiations next week under the new proposals put forward by Egypt and Qatar, with the participation of the United States.

Kan TV reported that Burns had offered potential solutions to the contentious issues that had stalled previous negotiations, adding that the upcoming talks will be led by Egypt and Qatar, with active involvement from the United States.

The previous round of negotiations on ceasefire in the Gaza Strip, which took place in Egypt, collapsed earlier this month. **Xinhua**

CHINA

# China continues to issue yellow alert for rainstorms


China continues to issue yellow alert for rainstorms.

China's National Meteorological Center on Sunday evening continued to issue a yellow alert for rainstorms as heavy downpours are expected to lash parts of the country.

From 8 p.m. Sunday to 8 p.m. Monday, heavy rains are forecast to hit parts of Guangxi, Guangdong, Hunan, Jiangxi, Fujian, Zhejiang, Sichuan, Yunnan, Guizhou, Xizang, Hubei, Anhui, Jiangsu, Xinjiang, and Heilongjiang, the center said.

According to the center, parts of these regions may experience heavy rainfall, with maximum hourly precipitation exceeding 70 millimeters, accompanied by thunderstorms and gales.

Local governments have been urged to make appropriate preparations and fulfill their related responsibilities accordingly.

China has a fourtier, color-coded weather warning system, with red representing the most severe warning, followed by orange, yellow, and blue. **Xinhua**

PAKISTAN

# Pakistan reports 3rd polio case in 2024

Pakistan reported its third polio case of the year after it was detected in a child in the country's southwest Balochistan Province, the Pakistani Health Ministry said.

The wild poliovirus type 1 (WPV1) was detected in stool samples collected from a child in Darozai area in Qilla Abdullah district of the province, the ministry said in a statement on Saturday night.

The child developed symptoms of paralysis on April 20, the ministry said, adding that the genetic sequencing of the isolated virus is underway.

The earlier two cases of the year were also detected from Balochistan. The first one was reported from Dera Bugti district on March 14, while the other one was from Chaman district on March 15. **Xinhua**

PAPUA NEW GUINEA

# At least 670 feared dead after huge landslide in PNG

The death toll from a massive landslide in Papua New Guinea (PNG) was estimated to surpass 670, an official from the International Organization for Migration told media on Sunday.

According to Serhan Aktoprak, the chief of the United Nations (UN) migration agency's mission in the Pacific island country, the scale of the impact was much greater than initially thought.

In an interview with the Australian Broadcasting Corporation, Aktoprak said that more than 150 houses might be buried under the debris six to eight meters deep and over 670 people could have lost their lives.

The area surrounding the disaster zone in Enga Province also remained dangerous, with incessant rockfalls and continuous landslides prompting the evacuation of about 1,250 survivors, the official noted.

At around 3:00 a.m. local time on Friday, a massive landslide battered a remote region in Enga Province, located over 600 km northwest of PNG's capital Port Moresby.

The UN office in PNG issued a statement on Saturday, offering its deepest condolences to the victims and their families in the Lagaip Porgera District of Enga Province.

"While the total number of casualties is yet to be determined, preliminary reporting indicates the death toll may be significant. Search and rescue efforts are underway, although continuous landslides and falling boulders are affecting these efforts," said a spokesperson. **Xinhua**



Senior General Min Aung Hlaing and wife accept certificate of honour.



Senior General Min Aung Hlaing goes round on the pagoda platform.

■■ **From Page - 18**

Myanmar traditional architectural works on terracotta rings that portrayed the 550 jatakas, stone bowl, rest houses, must be maintained and conserved constantly with the help of experts. Systematic plans and sustainability must be taken into account in preserving invaluable ancient artworks. Officials should constantly inspect them and take necessary action in protecting them against natural disasters. The 12-foot tall four bronze standing Buddha Images placed in four chambers in the four directions of the pagoda stand witness to the high standard of ancient artworks, and they have the full features of Bagan period Buddha images and they were carved from inside. Hence, inscriptions about the images must be placed inside the chambers for local and foreign pilgrims to understand their historical value and revered the images.

Afterwards, the Senior General and party heard a reported on the pagoda digital directory website where famous pagodas, stone inscriptions can be easily found on its pages and future plans, presented by Director General Dr Kyaw Oo Lwin of Department of Archaeology and National Library and officials. The Senior General looked into the requirements.

The Senior General presented cash awards for staff carrying out the work of discovering and preserving ancient heritage in the zone through the director general.

The Senior General and wife and party cordially greeted officials of souvenir shops in the pagoda compound and pilgrims.

**Htilo Minlo Pagoda**

The Senior General and wife and party paid homage to Htilo Minlo Pagoda and offered flowers and water. They then inspected repair and maintenance works in connection with the natural disaster destroyed sections in the interior and exterior parts of the pagoda and paving of a sandstone slab walkway in its compound. In response to the reports presented by officials the Senior General said as pagodas, cetis and temples in the zone are historical monuments and they are priceless national heritage. Hence, preservation and maintenance work should be done in all seriousness. He also attended to the needs.

The Senior General and wife offered gold foils for the Buddha Image in the pagoda and cash donations for multipurpose functions. After accepting the donations officials of the pagoda presented a Dhamma gift.

Shwesigon Pagoda, Ananda Temple, Dhammayangyi Pagoda, Sulamuni Pagoda, Dhammarazaka Pagoda, Hsinbyushiopn complex, Khemingala Pagoda, Thabeikhmauk Pagoda, Htilo Minlo Pagoda, Laymyathna Pagoda, Hsinpaung Brick Monastery, a pagoda near Dhammarazaka Pagoda, Baganhmaw Pagoda, Ywahaunggyi Pagoda, Shwenanyintaw Pagoda were partly inundated due to heavy rains at the zone in NyaungU District, Mandalay Region in May 2023 and caused a slight damage to eight ancient pagodas/structures. Hence, preservation was carried out to maintain the original structures and designs in accord with the guidance given by the Senior General during his inspection tour of the area. Priority has been given to reduce the degree of damage caused by natural disasters in the zone and surrounding areas and to conduct environmental conservation and greening activities.

**100**



Senior General Min Aung Hlaing goes around on the pagoda platform for inspection of maintenance work.



Senior General Min Aung Hlaing hears report on maintenance work.


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ဆိုး၊ စစ်လက်နက်ပစ္စည်း

# တောင်ကိုရီးယားက L-SAM စနစ်ကို ဖန်တီးထုတ်လုပ်မှု အပြီးသတ်နိုင်ပြီဟုဆို



တောင်ကိုရီးယားနိုင်ငံက တာဝေးသုံး မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (L-SAM) စနစ်ကို ဖန်တီးထုတ်လုပ်မှု အပြီးသတ်နိုင်ပြီဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ ဒုံးကျည်စနစ်ကို ကိုယ့်နည်းပညာနှင့်ကိုယ် ထုတ်လုပ်နိုင်ခြင်းက တပ်မတော်၏လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို ပိုမိုမြှင့်တင်နိုင်စေရေးအတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း လက်နက်ဝယ်ယူရေးအေဂျင်စီက မေလ ၂၅ ရက်တွင်ပြောသည်။

အဆိုပါဒုံးကျည်စနစ်သည် မြေပြင်အမြင့် ၅၀ ကီလိုမီတာမှ ၆၀ ကီလိုမီတာအတွင်းဝင်ရောက်လာသည့် ပစ်မှတ်များကိုပစ်ချရန် ပညာရှင်များက ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

ယခုအခါ ထိုဒုံးကျည်စနစ်သည် တပ်မတော်ကသတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အတွက် တိုက်ပွဲဝင်အသုံးပြုရန် သင့်လျော်ကြောင်း မကြာသေးခင်ကမှ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

L-SAM စနစ်ကိုဖန်တီးမှုအပြီးသတ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ထုတ်လုပ်ရေးလုပ်ငန်းများကို လာမည့်နှစ်တွင် စတင်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၈ ခုနှစ်တွင် တပ်မတော်အတွင်း ဖြန့်ကြက်သွားမည်ဖြစ်သည်။

ထို့ပြင် L-SAM စနစ်ကို ဖြန့်ကြက်ပြီးသည်နှင့်တစ်ပြိုင်နက် ကိုရီးယားလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ဟုခေါ်သော အလွှာပေါင်းစုံဒုံးကျည်ကာကွယ်ရေးစနစ်တွင် အဓိကကျသောအခန်းကဏ္ဍမှပါဝင်လာမည်ဖြစ်သည်။

လက်ရှိတွင် တောင်ကိုရီးယားတပ်မတော်သည် တာနီးနှင့်တာလတ်လေကြောင်းရန်ကာကွယ်ရေးအတွက် ပြည်တွင်းဖြစ် တာလတ်သုံးမြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်နှင့် အမေရိကန်ထုတ် ပတ်ထရီးယော့ဒုံးကျည်ကာကွယ်ရေးစနစ်ကိုသာ အသုံးပြုနေရသည်။

တာဝေးပစ်အတွက်ဆိုပါက အမေရိကန်ထုတ် THAAD လေကြောင်းရန်ကာကွယ်ရေးစနစ်အပေါ်ကိုသာ အားကိုးနေရသေးကြောင်းသိရသည်။ ***Ref: Yonhap***

ရောမ၊ နိုင်ငံရေး

# တတိယကမ္ဘာစစ်အတွက် စကားဦးသန်းသည့် NATO အကြီးအကဲ၏စကားကို အီတလီ ပြင်းပြင်းထန်ထန်ဝေဖန်



တတိယကမ္ဘာစစ်အတွက် စကားဦးသန်းသည့် NATO အတွင်းရေးမှူးချုပ် ယန်စတိုတန်ဘာ့ဂ်၏စကားကို အီတလီအစိုးရက ပြင်းပြင်းထန်ထန်ဝေဖန်လိုက်ကြောင်းသိရသည်။

အနောက်နိုင်ငံများအနေဖြင့် ယူကရိန်းနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများထောက်ပံ့ပေးရာတွင် ထိုလက်နက်များဖြင့် ရုရှားနိုင်ငံအတွင်းမတိုက်ခိုက်ရဟူသောကန့်သတ်ချက်ကို ရုပ်သိမ်းပေးသင့်ကြောင်း NATO အတွင်းရေးမှူးချုပ်က ပြောထားခြင်းဖြစ်သည်။

အီတလီအနေဖြင့် ယူကရိန်းနိုင်ငံသို့စစ်သည်တစ်ဦးတလေသော်မျှ စေလွှတ်သွားမည်မဟုတ်ကြောင်းနှင့် ယူကရိန်းသို့ထောက်ပံ့ပေးသော စစ်လက်နက်ပစ္စည်းများကိုလည်း ယင်းနိုင်ငံအတွင်း၌သာ အသုံးပြုသင့်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး အန်တိုနီယိုတာဂျာနီကပြောသည်။

ထို့ပြင် အီတလီနိုင်ငံသည် ငြိမ်းချမ်းရေးအတွက်သာ အမြဲတမ်းအလုပ်လုပ်မည်ဖြစ်ကြောင်းနှင့် လေသံတင်းမာမှုကိုလည်းလျှော့ချမည်ဖြစ်ကြောင်း၊ အီတလီက NATO အဖွဲ့ဝင်ဖြစ်သည့်တိုင်အောင် ဆုံးဖြတ်ချက်မှန်သမျှကို စုပေါင်းသဘောတူမှုဖြင့်သာချမှတ်ရမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အလားတူ အီတလီဒုတိယဝန်ကြီးချုပ်ကလည်း တတိယကမ္ဘာစစ်နှင့်ပတ်သက်၍မည်သူမျှ စကားဦးမသန်းသင့်ကြောင်း ပြောထားသည်။

အီတလီနိုင်ငံက မည်သည့်နိုင်ငံနှင့်မျှစစ်ဖြစ်နေသည့်နိုင်ငံမဟုတ်ကြောင်း၊ ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးရမည့်အခွင့်အရေးရှိသော်လည်း ထိုလက်နက်များဖြင့် ရုရှားနိုင်ငံအတွင်းသို့တိုက်ခိုက်မှုမရှိစေရေး ပိတ်ပင်မှုကို ဖြေလျှော့ပေးသင့်သည်ဆိုခြင်းမှာ မပြောသင့်သည့်စကားပင်ဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်။

အနောက်နိုင်ငံများက ယူကရိန်းသို့ တာဝေးပစ်လက်နက်များပင် ထောက်ပံ့ပေးထားပြီး ထိုလက်နက်များဖြင့် ရုရှားနိုင်ငံအတွင်းပိုင်းသို့တိုက်ခိုက်ခွင့်ပေးရန် NATO အတွင်းရေးမှူးချုပ် ယန်စတိုတန်ဘာ့ဂ်က အစောပိုင်းတွင် တိုက်တွန်းထားခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသည့် ယူကရိန်းအရေးငြိမ်းချမ်းရေးညီလာခံဟူသော အခမ်းအနားကိုတက်ရောက်သူများအနေဖြင့် ယန်စတိုတန်ဘာ့ဂ်၏ပြောစကားများကို သတိပြုသင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာကပြောသည်။

***Ref: Sputnik***

ဝါရှင်တန်၊ နိုင်ငံရေး

# တတိယကမ္ဘာစစ်ဆီသွားနေသည့် ဂျိုးဘိုင်ဒင်၏ ခြေလှမ်းများကိုရပ်တန့်စေမည်ဟု ထရမ့် ကတိပြု

အမေရိကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ၎င်းအနေဖြင့် ပြန်လည်ရွေးကောက်ခံရပါက လက်ရှိတွင် တတိယကမ္ဘာစစ်ဆီသွားနေသည့် ဂျိုးဘိုင်ဒင်၏ခြေလှမ်းများကို ရပ်တန့်စေမည်ဖြစ်ကြောင်း ကတိပြုလိုက်သည်။

ထို့ပြင် အမေရိကန်က အခြားသူများ၏စစ်ပွဲများကို ငွေကြေးထောက်ပံ့ပေးနေခြင်းအားဖြင့် ကမ္ဘာစစ်ဖြစ်လာအောင် ထောက်ပံ့ပေးနေသကဲ့သို့ဖြစ်လာကြောင်းနှင့် ၎င်းသာသမ္မတဖြစ်လာပါက ထိုသို့ထောက်ပံ့ပေးနေမှုများကိုရပ်တန့်မည်ဖြစ်ကြောင်း ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရမ့်က ပြောသည်။

အလားတူ လက်ရှိသမ္မတလက်အောက်တွင် အမေရိကန်နိုင်ငံသည် ကျရှုံးနိုင်ငံအဆင့်ဖြစ်လာပြီဖြစ်ကြောင်းနှင့် ၎င်းသာအိမ်ဖြူတော်သို့ ပြန်လာရပါက ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ပြန်လည်ဖော်ဆောင်မည်ဟုလည်း ထရမ့်ကပြောသည်။

အထူးသဖြင့် နယ်စပ်ပဋိပက္ခချုပ်ငြိမ်းရေး၊ ပြည်ပတပ်မတော်များသို့ ငွေကြေး ထောက်ပံ့ခြင်းအားဖြင့် အမေရိကန် အခွန်ထမ်းပြည်သူများ၏ အခွန်ငွေများကို ဖြုန်းတီးနေမှုရပ်တန့်ရေး၊ အမေရိကန်၏အချုပ်အခြာအာဏာကို ကာကွယ်ရေးတို့သည် ဦးစားပေးကိစ္စရပ်များဖြစ်ကြောင်း ထရမ့်က မိန့်ခွန်းတစ်ခုတွင်ပြောထားခြင်းဖြစ်သည်။

ရုရှား-ယူကရိန်းပဋိပက္ခရပ်တန့်ရေးအတွက် မည်သို့ဆောင်ရွက်မည်ဟူသောအစီအစဉ်နှင့် ပတ်သက်၍ ထရမ့်က အသေးစိတ်ထုတ်ဖော်ပြောထားခြင်းမရှိပေ။

သို့သော် ၎င်းသာ သမ္မတဖြစ်လာပါက ထိုပဋိပက္ခကို ၂၄ နာရီအတွင်း ရပ်တန့်ဆောင်ရွက်နိုင်မည့် အသေးစိတ်စီမံချက် ရှိပြီးသားဖြစ်ကြောင်းနှင့် ပဋိပက္ခကိုရပ်တန့်သွားမည်ဖြစ်ကြောင်း ကတိပြုသည်ဟု ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်နှင့်တွေ့ဆုံစဉ်ပြောထားသည်။

***Ref: RT***

ဆစ်ဒနီ၊ သဘာဝဘေး

# ပါပူအာနယူးဂီနီ၌ မြေပြိုမှုအတွင်း သေဆုံးသူ ၆၇၀ ကျော်အထိရှိမည်

ပါပူအာနယူးဂီနီနိုင်ငံ၌ မကြာသေးမီက ဖြစ်ပွားသောမြေပြိုမှုအတွင်း သေဆုံးသူအရေအတွက်သည် ၆၇၀ ကျော်အထိရှိမည်ဟုခန့်မှန်းရကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မေလ ၂၆ ရက်တွင် ပြောသည်။

ထို့ပြင် မြေပြိုမှုကြောင့်ဖြစ်ပေါ်မည့် သက်ရောက်မှုအခြေအနေသည် မူလခန့်မှန်းထားသည်ထက် ပိုမိုပြင်းထန်ကြောင်း အဆိုပါအဖွဲ့မှ ဌာနေအကြီးအကဲ ဆာဟန်အက်တိုပရက်ကပြောသည်။

မြေပြိုမှုသည် အနက် ၆ မီတာမှ ၈ မီတာအထိရှိကြောင်း၊ ထိုမြေပြိုမှုအတွင်း နေအိမ်အလုံး ၁၅၀ ကျော်မှာ မြေကြီးအောက်ရောက်သွားကြောင်းနှင့် လူ ၆၇၀ ကျော်သေဆုံးနိုင်ကြောင်း ၎င်းကပြောသည်။

အလားတူ အန်ဂါပြည်နယ်ရှိ မြေပြိုမှုဖြစ်ပွားရာနေရာ ပတ်ဝန်းကျင်ဒေသများသည် အန္တရာယ်ရှိသည့်အဆင့်မှာပင်ရှိသေးကြောင်း၊ ကျောက်တုံးကျောက်ခဲများ ဆက်လက်ကျဆင်းလျက်ရှိပြီး မြေပြိုမှုများလည်းဆက်လက်ဖြစ်ပွားနေသောကြောင့် အသက်ရှင်ကျန်ရစ်သူ ၁၂၅၀ ခန့်မှာ ဘေးလွတ်ရာသို့ထွက်ပြေးရသည်။

အဆိုပါမြေပြိုမှုသည် မေလ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် ပေါ့မော်ရက်စဘီမြို့တော်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၆၀၀ ရှိ ဝေးလံခေါင်ဖျားဒေသ၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

***Ref: Xinhua***



# ဗြိတိန်နိုင်ငံလည်း အမျိုးသားစစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းဖို့စီစဉ်လေပြီ

ထက်မြတ်

နိုင်ငံတိုင်းမှာ လူငယ်များရှိသည်။ သို့သော် လူငယ်တိုင်းမှာတော့ မျိုးချစ်စိတ်ဆိုတာမရှိနိုင်။ အမျိုးသားရေးစိတ်ဓာတ်လည်း မကိန်းအောင်းနိုင်။ နိုင်ငံအတွက် စစ်မှုထမ်းပေးချင်လိုသည့်စိတ်လည်းမရှိနိုင်။ ထို့အတွက်ကြောင့် အမျိုးသားစစ်မှုထမ်းဥပဒေဆိုတာပေါ်လာရခြင်းဖြစ်သည်ဟု စာရေးသူကတော့ယုံကြည်သည်။

နောက်တစ်ချက်က နိုင်ငံတစ်နိုင်ငံမှာ စစ်အင်အားတောင့်တင်းခိုင်မာမှ ထိုနိုင်ငံ၏ အချုပ်အခြာအာဏာသည်လည်း ထာဝရခိုင်မြဲမည်ဖြစ်သည်။ စစ်အင်အားတောင့်တင်းခိုင်မာစေဖို့အတွက် စစ်မှုထမ်းပေးမည့် လူငယ်အများအပြားလိုအပ်သည်။



လူငယ်တိုင်းသည် တစ်သက်တာမဟုတ်သည့်တိုင်အောင် အချိန်အတိုင်းအတာတစ်ခုအထိ စစ်မှုထမ်းပေးသင့်သည်။ ဒါမှလည်း မျိုးချစ်စိတ်ဓာတ်များ၊ အမျိုးသားရေးစိတ်ဓာတ်များကိန်းအောင်းကာ နိုင်ငံက အရေးကြုံလာလျှင် ကျရာနေရာမှ ပါဝင်ကူညီနိုင်စေမည်ဖြစ်သည်။



အခုဆိုလျှင် ကမ္ဘာ့အင်အားကြီးနိုင်ငံတော်တော်များမှာ အမျိုးသားစစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းဖို့စီစဉ်မှုများရှိလာသည်ကိုတွေ့ရသည်။ အထူးသဖြင့် လက်ရှိကမ္ဘာကြီးက ကြုံတွေ့နေရသောမသေချာမရေရာသည့်အခြေအနေများအတွက် နိုင်ငံတချို့က ကြိုတင်ပြင်ဆင်ခြင်းလည်းဖြစ်သည်။

အဆိုပါနိုင်ငံကြီးများတွင် ဗြိတိန်နိုင်ငံလည်းအပါအဝင်ဖြစ်သည်။ ဗြိတိန်နိုင်ငံသည် တစ်ခေတ်တစ်ခါတုန်းက နေမဝင်အင်ပါယာကြီးကိုထူထောင်နိုင်ခဲ့သည့်နိုင်ငံဖြစ်သည်။ ထိုသို့သောနိုင်ငံကြီးက အရင်ကတည်းက အမျိုးသားစစ်မှုထမ်းဥပဒေကို ကျင့်သုံးခဲ့သည်ဆိုလျှင် စာချစ်သူများယုံနိုင်မည်မထင်။

ခေတ်သစ်ကာလတွင် ဗြိတိန်နိုင်ငံသည် အချိန်အပိုင်းအခြားနှစ်ခုအတွင်း အမျိုးသားစစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည့်သမိုင်းအမှန်က တကယ်ကိုရှိသည်။

ပထမတစ်ပိုင်းက ၁၉၁၆ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်ကာလအတွင်းဖြစ်သည်။ ဒုတိယတစ်ပိုင်းမှာ ၁၉၃၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိဖြစ်သည်။ အဆိုပါဥပဒေအရ နောက်ဆုံးစစ်မှုထမ်းခဲ့သောလူငယ်များမှာ ၁၉၆၃ ခုနှစ်အထိ တပ်မတော်အတွင်းတာဝန်ထမ်းဆောင်ခဲ့ရသည်။

ပထမကမ္ဘာစစ်စတင်ချိန်၌ ဗြိတိန်အစိုးရက တပ်မတော်စစ်မှုထမ်းဥပဒေကို ၁၉၁၆ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုပြဋ္ဌာန်းလိုက်သည်။ ထိုဥပဒေအရ အသက် ၁၈ နှစ်မှ အသက် ၄၀ အတွင်းရှိသော မည်သည့်အမျိုးသားမဆို ဆင့်ခေါ်ခြင်းခံရပါကစစ်မှုထမ်းရသည်။

နောက်ပိုင်းတွင် စစ်မှုထမ်းရမည့်အသက်အရွယ်ကန့်သတ်ချက်ကို အသက် ၅၁ နှစ်အထိ တိုးမြှင့်ခဲ့သေးသည်။ ၁၉၂၀ ပြည့်နှစ်အစောပိုင်းကာလများတွင်တော့ အမျိုးသားစစ်မှုထမ်းဥပဒေကိုဖျက်သိမ်းလိုက်သည်။

တစ်ဖန် ဒုတိယကမ္ဘာစစ်မစတင်မီ စစ်ငွေ့စစ်ရိပ်များသန်းနေချိန် ၁၉၃၉ ခုနှစ် မေလတွင် တပ်မတော်လေ့ကျင့်ရေးဥပဒေကို ပြဋ္ဌာန်းကာ အသက် ၂၀ မှ ၂၂ နှစ်အတွင်းရှိသည့်လူပျိုများကို ပြည်သူ့စစ်များအဖြစ် သတ်မှတ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်စတင်ဖြစ်ပွားသည့် ယင်းနှစ် စက်တင်ဘာလ ၃ ရက်တွင် တပ်မတော်လေ့ကျင့်ရေးဥပဒေကို အမျိုးသားစစ်မှုထမ်းဥပဒေ ၁၉၃၉ ခုနှစ်ဖြင့် ကျော်လွှန်ပယ်ဖျက်လိုက်သည်။ ထိုဥပဒေအရ အသက် ၁၈ နှစ်မှ ၄၁ နှစ်အတွင်းရှိသူများအားလုံး စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသည်။

၁၉၄၂ ခုနှစ်အရောက်တွင် အသက် ၁၈ နှစ်မှ ၅၁ နှစ်အတွင်းရှိ အမျိုးသားများသာမက အသက် ၂၀ မှ ၃၀ ကြားရှိ အမျိုးသမီးများသည်လည်း စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံလာရသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသွားပြီးနောက် အမျိုးသားစစ်မှုထမ်းဥပဒေကိုဖျက်သိမ်းခြင်းမပြုဘဲ အမျိုးသားစစ်မှုထမ်း ဥပဒေ ၁၉၄၈ ခုနှစ်ဖြင့် အစားထိုးပြန်လည်ပြဋ္ဌာန်းလာသည်။

ထိုဥပဒေတွင်တော့ ငြိမ်းချမ်းစဉ်ကာလတွင် အသက် ၁၇ နှစ်မှ ၂၁ နှစ်အတွင်းရှိ ကျန်းမာသောအမျိုးသားများအနေဖြင့် ၁၈ လကြာ စစ်မှုထမ်းရမည်ဖြစ်ကာ အရန်အင်အားစာရင်းတွင် လေးနှစ်ကြာသည်အထိ ဆက်လက်တည်ရှိနေရမည်ဟု ပြဋ္ဌာန်းထားသည်။

၁၉၅၀ ပြည့်နှစ်တွင် ဗြိတိန်က ကိုရီးယားစစ်ပွဲအတွင်း ပါဝင်လာသည့်အတွက် စစ်မှုထမ်းကာလကို နှစ်နှစ်အထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် အမျိုးသားစစ်မှုထမ်းဥပဒေကျင့်သုံးမှုကို တဖြည်းဖြည်းလျှော့ချလာသည်။

၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလတွင် နောက်ဆုံးစစ်မှုထမ်းများကို ဆင့်ခေါ်ပြီးနောက် ယင်းနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် အမျိုးသားစစ်မှုထမ်းဥပဒေကို ဖျက်သိမ်းလိုက်သည်။

ယခုအချိန်အခါတွင် ဗြိတိန်အစိုးရက ထိုဥပဒေကို ပြန်လည်အသက်သွင်းရန်ကြိုးပမ်းလာသည်ကိုမြင်တွေ့နေရသည်။ ဝန်ကြီးချုပ်ကိုယ်တိုင် တရားဝင်အတိအလင်းပြောလာခြင်းဖြစ်သည်။

လက်ရှိဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူးနက်က လာမည့်ရွေးကောက်ပွဲ၌ ၎င်းတို့၏ကွန်ဆာဗေးတစ်ပါတီသာအနိုင်ရပါက အမျိုးသားစစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းမည်ဟု ပြောလာခြင်းဖြစ်သည်။ အဆိုပါအထွေထွေရွေးကောက်ပွဲကို ဇူလိုင်လတွင် ကျင်းပသွားရန်စီစဉ်ထားသည်။

တစ်နှစ်လျှင် ဗြိတိန်ပေါင် ၂ ဒသမ ၅ ဘီလီယံကုန်ကျမည့် ရီရှီဆူးနက်၏အစီအစဉ်အရ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းသည် တပ်မတော်တွင်ဝင်ရောက်အမှုထမ်းရမည် သို့မဟုတ် တစ်လလျှင်တစ်ပတ်ကြာ လူမှုဝန်ထမ်းအလုပ်များလုပ်ရမည်ဟု စီစဉ်ထားသည်။ လူမှုဝန်ထမ်းလုပ်ရာတွင် ရဲတပ်ဖွဲ့ သို့မဟုတ် ဆေးဘက်ဆိုင်ရာဌာနတို့တွင် လုပ်ဆောင်ရမည်ဖြစ်သည်။

ထိုကဲ့သို့ အမျိုးသားစစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခြင်းအားဖြင့် လူငယ်များတွင် အမျိုးသားရေးစိတ်များပြန်လည်ရှင်သန်နိုးကြားလာပြီး လူငယ်များအတွက် ဘဝအပြောင်းအလဲဖြစ်စေမည့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောထားသည်ဟု ဗြိတိန်မီဒီယာများကဖော်ပြထားသည်။

“ဒီနိုင်ငံက တကယ့်ကိုကြီးကျယ်ခမ်းနားတဲ့နိုင်ငံပါ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့မျိုးဆက်သစ်တွေက သူတို့နဲ့ထိုက်တန်တဲ့အခွင့်အလမ်းတွေ ဒါမှမဟုတ် အတွေ့အကြုံတွေကိုမရကြတဲ့အပြင် အခုလိုမျိုးမသေချာမှုတွေ မြင့်တက်လာတဲ့ကမ္ဘာကြီးမှာ ကျွန်တော်တို့ရဲ့လူ့အသိုင်းအဝိုင်းကိုပိုင်းခြားစေဖို့အတွက် ကြိုးစားတဲ့ အင်အားစုတွေဖြစ်လာပါတယ်” ဟု ဝန်ကြီးချုပ်ကပြောသည်။

ဗြိတိန်ဝန်ကြီးချုပ်က ဒီအခြေအနေကို ကိုင်တွယ်ဖြေရှင်းဖို့နှင့် သေချာသောအနာဂတ်ကိုဖန်တီးနိုင်စေဖို့အတွက် သူ့တွင် ရှင်းလင်းသောအစီအစဉ်ရှိသည်ဟုဆိုသည်။ ထိုအစီအစဉ်က အမျိုးသားစစ်မှုထမ်းဥပဒေကို အသွင်သစ်ဖြင့် ပြန်လည်အသက်သွင်းခြင်းဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းက လူငယ်များအကြား တူညီသောရည်မှန်းချက်ကို ပေါ်ပေါက်စေမည်ဖြစ်ကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေမည်ဟုလည်း ဝန်ကြီးချုပ်က ပြောထားသည်။

ကွန်ဆာဗေးတစ်ပါတီက ရွေးကောက်ပွဲတွင်ထပ်မံအနိုင်ရလျှင် တော်ဝင်ကော်မရှင်တစ်ခုကိုဖွဲ့စည်းကာ အမျိုးသားစစ်မှုထမ်းဥပဒေကိုအပြီးသတ်ရေးဆွဲပြီး လာမည့်နှစ်စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

လက်ရှိမှာတော့ ထိုဥပဒေကိုအတွင်းပိုင်းမှလူများဖြင့်သာ ရေးဆွဲနေခြင်းဖြစ်ပြီး အသေးစိတ်ကိုမသိရသေးပေ။ စာမျက်နှာ ၄၀ ခန့်ပါဝင်သော ယင်းဥပဒေတွင် နိုင်ငံတကာမှစိန်ခေါ်မှုများ မြင့်တက်လာသည့် ယနေ့အချိန်အခါ၌ တပ်မတော်ကိုအင်အားတိုးမြှင့်ရန် လိုအပ်နေပြီဖြစ်သည်ဟု ရီရှီဆူးနက်၏အကြံပေးများက ပြောထားသည်။

တစ်ဖက်တွင်လည်း ကွန်ဆာဗေးတစ်ပါတီ၏အစီအစဉ်အပေါ် အတိုက်အခံလေဘာပါတီ၏ကန့်ကွက်မှုများရှိနေသည်။ အလားတူ တခြားပါတီများကလည်း ကန့်ကွက်ထားသေးသည်။

ဗြိတိန်နိုင်ငံသည် တစ်ချိန်ကနေမဝင်အင်ပါယာကြီးကို ပိုင်ဆိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်းမှာတော့ စစ်အင်အား သိသိသာသာလျော့ကျလာသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်းမှာပင် လေးပုံတစ်ပုံခန့်လျော့ကျခဲ့ရသည်။

ထိုသို့သော စစ်အင်အားနည်းပါးလာသည့်အချိန်၊ တစ်ဖက်ကလည်း ခြိမ်းခြောက်မှုများမြင့်တက်လာချိန်တွင် အမျိုးသားစစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းကျင့်သုံးခြင်းက နိုင်ငံတိုင်းလိုလိုလုပ်ဆောင်လေ့ရှိသည့် ဆောင်ရွက်ချက်တစ်ခုဟု ကျွန်တော်ကတော့မြင်မိသည်။

အလားတူ အမျိုးသားရေးစိတ်ဓာတ်နည်းပါးလာသည့်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်ရှင်သန်နိုးကြားထကြွလာစေရန် အမျိုးသားစစ်မှုထမ်းဥပဒေလိုအပ်သည်ဟုလည်း ယုံကြည်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ဗြိတိန်လိုမျိုးနိုင်ငံကြီးကတော့ အမျိုးသားစစ်မှုထမ်းဥပဒေကို ပြန်လည်ပြဋ္ဌာန်းရန်ပြင်ဆင်လာပြီဖြစ်သည်။ ထိုသို့ပြင်ဆင်မှုသည် ယနေ့အချိန်မှာ ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက်သာဖြစ်မည်ဟုယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

***Ref: RT***

# ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံရေး မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

မိုးဖြိုင်ဖြိုင်ရွာသွန်းသော အေးမြလှသည့် ဇွန်လ မိုးရာသီနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ မျှော်လင့်စောင့်စားနေသော အချိန်ကာလဆီသို့ အသစ်တစ်ဖန်ပြန်လည်ရောက်ရှိခဲ့လေပြီ။ ထိုအချိန်ကား **“မိုးဦးကာလ ကျောင်းဖွင့်ချိန်”** ပေတည်း။

ကျောင်းရှေ့ရှိ နိုင်ငံတော်အလံ တလူလူလွင့်နေပုံမှာ ကျောင်းသား၊ ကျောင်းသူတို့ကို လက်ယပ်ခေါ်နေသကဲ့သို့ပင် ထင်ရလေသည်။ တစ်နွေလုံးဖုန်အလိမ်းလိမ်းတက်ခဲ့ရသော ကျောင်းခေါင်းလောင်းကြီးသည် အသက်ဝင်လှုပ်ရှားကာ သံချိုမြည်ကြွေးနေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်ခဲ့ရသော စာသင်ခန်းများသည် အဖြူ အစိမ်းတူညီဝတ်စုံကျောင်းသား၊ ကျောင်းသူများနှင့်အတူ များမကြာမီသက်ဝင်လှုပ်ရှားလာပေတော့မည်။ သူငယ်တန်းအရွယ်ကလေးများမှသည် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူအားလုံး အဖြူအစိမ်း ကျောင်းဝတ်စုံကိုယ်စီလွယ်အိတ်ကိုယ်စီလွယ်ကာ အမိကျောင်းတော်ကြီး ရင်ခွင်ဆီသို့ တက်ကြွသော ခြေလှမ်းများဖြင့် တင့်တယ်လှပပြုံးပျော်ကြည်နူးစွာ ရောက်ရှိလာကြမည့်အသွင်ကို တွေးထင်မြင်ယောင်မိလေသည်။

**“ငယ်စဉ်အခါ၊ ပညာရှာ”**ဆိုသကဲ့သို့ ကျောင်းသား၊ ကျောင်းသူတို့အတွက် ပညာရှာရာတွင် အစစ်မှန်ဆုံးပတ်ဝန်းကျင်မှာ စာသင်ကျောင်းပင်ဖြစ်သည်။ စာသင်ကျောင်းသို့ရောက်ရှိခြင်းသည် စာမေးပွဲအောင်မြင်ရန်ရည်ရွယ်ချက်တစ်မျိုးတည်းမဟုတ်ဘဲ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စာကိုလေ့လာသင်ယူနိုင်ရန် ရောက်ရှိလာကြခြင်းဖြစ်သည်။ ထိုသို့ အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်အလိုက် သင်ယူသူတို့၏ ဝါသနာ၊ စိတ်ဝင်စားမှု၊ စွမ်းဆောင်ရည်တို့အရ ကြိုးကုတ်အားထုတ်သင်ယူကြခြင်းဖြင့် အနာဂတ်နိုင်ငံအတွက် ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။

ကျောင်းဟူသော ဝေါဟာရသည် ထိန်းကျောင်းခြင်းမှ ရယူထားခြင်းဖြစ်ပြီး လူငယ်လူရွယ် ကလေးတို့ကို အနာဂတ်တွင် မိမိတို့ကိုယ်ကို ထိန်းကျောင်းတတ်စေရန်၊ အမှားအမှန်ကို ကွဲပြားသိစေရန်၊ အသိဉာဏ်ပညာပြည့်စုံအောင် သင်ကြားပေးသောနေရာဖြစ်သည်။ စာသင်ကျောင်းများသည် ကျောင်းသားလူငယ်တို့အား ကျန်းမာသန်စွမ်းသော ကိုယ်ကာယ၊ ထက်မြက်သောဉာဏ်၊ မြင့်မြတ်သော အကျင့်စာရိတ္တတို့နှင့်ပြည့်စုံစေ၍ မိတ်ဆွေသူငယ်ချင်း အပေါင်းအဖော်တို့နှင့် စုဝေးနေထိုင်တတ်စေရန် အသင့်လျော်ဆုံးပညာသင်ကြားပေးရာဌာနလည်းဖြစ်သည်။

ပညာရေးသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီအတွက် ဘဝရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် အရည်အချင်းဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုပေသည်။ သို့အတွက်ကြောင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကဏ္ဍမြှင့်တင်မှုကို အလေးထားလုပ်ဆောင်ကြရန် လိုအပ်ပေသည်။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပညာရေးအခြေအနေမြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်၏ အမျိုးသားပညာရေးမှာလည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ပညာရေးအားနည်းရခြင်းကို အကြောင်းအမျိုးမျိုးပြဆိုနေကြသော်လည်း



အဓိကအကြောင်းရင်းမှာ ဆင်းရဲမှုနှင့် ဆက်နွှယ်နေသည်။ ဆင်းရဲ၍ ပညာမသင်နိုင်၊ ပညာမသင်ယူနိုင်၍ ဆင်းရဲဟူသော သံသရာအတွင်း မကျရောက်စေရန် ဦးစွာပထမအားထုတ်ကြိုးပမ်းရမည့်သူများမှာ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ပညာသင်ကြားရေးကို အလေးထားလုပ်ဆောင်လျက်ရှိရာ ပညာရေးရည်မှန်းချက်အဖြစ် ကျောင်းနေအရွယ်ကလေးငယ်တိုင်း အခမဲ့ပညာသင်ကြားနိုင်ရေးနှင့် (KG + 9) အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံး၍ အသက်မွေးဝမ်းကျောင်းပညာများသင်ယူနိုင်သည်အထိ ဦးစားပေးလုပ်ဆောင်နေသည်ကိုတွေ့ရသည်။

ကျောင်းသား၊ ကျောင်းသူတိုင်း အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည်အထိ မသင်မနေရသင်ယူ၍ ထိုမှတစ်ဆင့် အခြေခံပညာအထက်တန်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းပညာများသို့ ဆက်လက်သင်ယူကြခြင်းဖြင့် မိမိတို့၏ဘဝရှေ့ခရီးကို ကောင်းမွန်စွာလျှောက်လှမ်းနိုင်ကြပေမည်။ အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးမြောက်သူများသာ သက်မွေးပညာသင်ကျောင်းများသို့တက်ရောက်ရန် အရည်အချင်းပြည့်မီမည်ဖြစ်သည့်အတွက် ကျောင်းသားများ၏ ဘဝအာမခံချက်ရရှိအောင် မိဘများအနေဖြင့် အနည်းဆုံးအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်သည်အထိ ကျောင်းထားနိုင်ရေးကို ရည်မှန်းချက်ထားလုပ်ဆောင်သင့်ပေသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် **“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”**ဆောင်ပုဒ်နှင့်အတူ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ဇွန်လ ၃ ရက်တွင် ကျောင်းများစတင် ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်အောင်ပို့ဆောင်ပေးရမည်မှာ မိဘအုပ်ထိန်းသူများ၏ တာဝန်ဖြစ်သကဲ့သို့ ကလေးငယ်တို့၏ ပညာရေးအတွက် ပညာရေးနှင့်ဆက်နွှယ်ပတ်သက်နေသူများအားလုံး ပေါင်းစုတာဝန်ယူရမည်ဟူသော အခြေခံသဘောတရားအတိုင်း ကလေးများကျောင်းနေမြဲရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မိဘများ၊ ဆရာ၊ ဆရာမများ၊ ရပ်ရွာလူထုများ၊ ပညာရေးကြီးကြပ်သူများအားလုံးစုပေါင်း၍ အကောင်အထည်ဖော်လုပ်ဆောင်ကြရမည်ဖြစ်သည်။

**“ငယ်စဉ်အခါ၊ ပညာရှာ” ဆိုသကဲ့သို့ ကျောင်းသား၊ ကျောင်းသူတို့အတွက် ပညာရှာရာတွင် အစစ်မှန်ဆုံးပတ်ဝန်းကျင်မှာ စာသင်ကျောင်းပင်ဖြစ်သည်။ စာသင်ကျောင်းသို့ရောက်ရှိခြင်းသည် စာမေးပွဲအောင်မြင်ရန်ရည်ရွယ်ချက်တစ်မျိုးတည်းမဟုတ်ဘဲ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စာကိုလေ့လာသင်ယူနိုင်ရန် ရောက်ရှိလာကြခြင်းဖြစ်သည်။**

မြန်မာနိုင်ငံ၏ **အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ခုနှစ်၊ အခန်း (၈)၊ ပုဒ်မ (၄၅) တွင် “မိဘသို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့်ပြီးမြောက်သည်အထိသင်ယူစေရန် တာဝန်ရှိသည်”**ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ နိုင်ငံသားအားလုံးက အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များနှင့်တွေ့ဆုံစဉ် အမှာစကားပြောကြားခဲ့ရာတွင် **“ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန်မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံးကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင်သင်ယူနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီအကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး ကျောင်းနှင့်ကင်းကွာပညာရေးနိမ့်ကျသည့် လူငယ်များမဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း”** ပြောကြားခဲ့သည်။ ထို့ကြောင့် ကလေးများအားလုံး စာသင်ခန်းသို့ရောက်ရှိစေရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် စာသင်ခန်းမှ ထွက်ခွာမသွားရေးနှင့် ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးကို မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မိဘများအနေဖြင့် မိမိတို့၏သား၊ သမီး ရင်သွေးငယ်များကို မပျက်မကွက် ပညာသင်ယူနိုင်စေရန်အတွက် နိုင်ငံတော်ကဖော်ဆောင်ပေးထားသည့် ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများကို ကောင်းစွာအသုံးချကာ အလေးထားဆောင်ရွက်ပေးရန်လိုပေသည်။ ကျောင်းသား၊ ကျောင်းသူတို့ကလည်း ဇွဲ၊ လုံ့လ၊ ဉာဏ်ပညာတို့ဖြင့် ပညာကိုကြိုးစားသင်ယူ၍ မိမိတို့ဘဝရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိအောင် လျှောက်လှမ်းကြရမည်ဖြစ်သည်။

အချုပ်ဆိုရသော် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည်အဆင့်အတန်း မြင့်မားနေရန်လိုပေသည်။ အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှုတို့နှင့်ပြည့်စုံ၍ အရည်အသွေးမြင့်မားသည့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး၊ စာသင်ခန်းများအတွင်းရောက်ရှိရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။ ထို့ကြောင့် ကျောင်းဖွင့်ချိန်ရောက်တိုင်း ရုပ်မြင်သံကြားမှ အချိန်ကိုက်ကျောင်းတက်ဖို့ နှိုးဆော်ထားသည့်-

**“ပန်းကလေးများပွင့်တော့မည်**<br>
**ဖူးတံဝင့်လို့ချီ**<br>
**နေခြည်မှာရွှေရည်လောင်း**<br>
**ငါတို့စာသင်ကျောင်း”**

ဆိုသည့် ကဗျာဆရာကြီး ပျဉ်းမနားမောင်နီသင်း၏ ကဗျာလေးအတိုင်း မိဘများအနေဖြင့် မိမိတို့၏သား၊ သမီး ရတနာလေးများကို ကျောင်းသို့ပို့ပေးခြင်းဖြင့် မိဘဝတ္တရားကျေပွန်ကြရမည်။

သို့အတွက်ကြောင့် မိမိတို့၏ရင်သွေးငယ်များ၊ မိမိတို့ပတ်ဝန်းကျင်ရှိ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းသို့ရောက်ရှိရန်၊ ကျောင်းအပ်နှံရန်အတွက် မိဘပြည်သူများအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းနှိုးဆော်ကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

**မယ်ထွေးလေး**

နေပြည်တော် မေ ၂၆

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် မှော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာရှိ ဦးတင်ဦး၏ ဝင်ငွေတိုးမြက်တံမြက်စည်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးက လိုအပ်သည်များဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာသုံးရွာ၊ အိမ်ခြေ ၁၂၀၀၊ လူဦးရေ ၄၇၀၀ တို့ကို အကျိုးပြုပေးနိုင်မည့် မြောက်ချောကုန်း-ရွာသာယာကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုက်ကြီးမြို့နယ် သရက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မင်းရွာအုပ်စု ညောင်ကုန်းကျေးရွာရှိ မင်းရွာစိုက်ပျိုးထုတ်လုပ်ရေးအထွေထွေသမဝါယမအသင်း၌ ကျင်းပသော သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။




ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ Good Brother ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက ၎င်းတို့၏ကုမ္ပဏီမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများနှင့် တင်သွင်းရောင်းချမှု ပြင်ဆင်ထိန်းသိမ်းရေးဝန်ဆောင်မှု (Service)ပေးနေမှုအခြေအနေများ၊ တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီးမန်နေဂျာက JICA Two Step loan ချေးငွေဖြင့် တောင်သူတစ်ဦးချင်း၊ သမဝါယမအသင်းသား တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အသင်းအစုအဖွဲ့အနေဖြင့်လည်းကောင်း သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရယူပြီး ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသည့် အသင်းသားတောင်သူများက သိရှိလိုသည်များ မေးမြန်းချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့သည် လယ်ယာသုံးစက်ကိရိယာများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးက တောင်သူများ ဝယ်ယူအသုံးပြုနိုင်ရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာကုမ္ပဏီတို့ပူးပေါင်းပြီး အရစ်ကျရောင်းချပေးနိုင်ရေး၊ စက်ပစ္စည်းများ ရေရှည်ကိုင်တွယ်အသုံးပြုနိုင်ရေး လိုအပ်သောသင်တန်းများပေးရန်နှင့် After Sale Service ပေးရန်လိုအပ်ကြောင်း၊ အပိုပစ္စည်းများအလွယ်တကူရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးကြိုတင်စီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် မေ ၂၆

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှော်ကားရေဝေရေလဲဒေသ၌ သစ်ပင်များစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ တက္ကသိုလ်အဝင်လမ်းအား ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေမှု၊ တက္ကသိုလ် မိုးလုံလေလုံအားကစားရုံ သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်ရန်လုပ်ငန်းများ၊ တက္ကသိုလ် - အေးရွာလေးလမ်းနှင့် အောင်ချမ်းသာရပ်ကွက် (၂) လမ်းထောင့်ရှိ ဆည်မြောင်းချောင်းရေစီးရေလာအခြေအနေ၊ တက္ကသိုလ်ဝင်း ပင်မလေးထပ်ဆောင် အနောက်ရေစုကန် တူးဖော်ပြီးစီးမှု၊ တက္ကသိုလ်ဝင်း ပင်မလေးထပ်ဆောင်ရှေ့ ရေကန်တူးဖော်ပြီးစီးမှု၊ ရေကန်ပတ်လည် မြေယာရှုခင်း ဆောင်ရွက်ထားမှု၊ ရေကန်အတွင်း လျှပ်စစ်ဓာတ်အား ၄၆ ကီလိုဝပ် ထုတ်လုပ်နိုင်သည့် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်နှင့် အလှဆင်ရေပန်း တပ်ဆင်မောင်းနှင်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘုရင့်နောင်တံတားအောက် ပန်းခြံတည်ဆောက်နေမှု၊ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီ မဂ်လာကန်တော်တွင် RC Driving



Pile အခြေပြု သံကူကွန်ကရစ်တံတားလူလျှောက်လမ်း တည်ဆောက်နေမှုနှင့် ကန်ဘေးအုတ်ရေမြောင်းတည်ဆောက်နေမှု၊ မိုးသည်းထန်စွာရွာသွန်းချိန် ရေကြီးရေလျှံမှုမဖြစ်စေရေး အင်းလျားကန်နှင့် ကန်တော်ကြီးတို့၏ ရေပမာဏထိန်းညှိဆောင်ရွက်နေမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း ရေမြောင်းရေစီးရေလာအခြေအနေနှင့် ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ဥယျာဉ်အတွင်း Poulownia အပင်များပြုစုစိုက်ပျိုးထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းဘေးရေမြောင်းများ စနစ်တကျဖောက်လုပ်ရေး၊ လမ်းညွှန်းအမှတ်အသားများ စနစ်တကျရေးဆွဲထားရှိရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး၊ တက္ကသိုလ်ဝင်းအတွင်း ရေဝပ်မှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ မြေယာရှုခင်းလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ပန်းခြံများအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် မိုးသည်းထန်စွာရွာသွန်းချိန်တွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပဲခူး မေ ၂၆

# မြန်မာဘော်လီဘောလုံးအသင်း ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) အမှုဆောင်အဖွဲ့ရွေးချယ်ခြင်းအခမ်းအနားကျင်းပ

မြန်မာဘော်လီဘောလူမှုရေးအသင်း ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ဘော်လီဘောဝါသနာရှင်များ တွေ့ဆုံပွဲနှင့် အမှုဆောင်အဖွဲ့ရွေးချယ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က အမှာစကားပြောကြားပြီး မြန်မာဘော်လီဘော လူမှုရေးအသင်း ဥက္ကဋ္ဌ ဦးရဲနိုင်က နှုတ်ခွန်းဆက်စကားပြောကြားကာ အတွင်းရေးမှူး ဦးဇော်လွင်ဦးက မြန်မာဘော်လီဘောလူမှုရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် တာဝန်ဝတ္တရားများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာဘော်လီဘောလူမှုရေးအသင်းကြီး၏ အထောက်အကူပြုအဖွဲ့များက လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြရာ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် မြန်မာဘော်လီဘောလူမှုရေးအသင်း ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) အမှုဆောင်အဖွဲ့ ရွေးချယ်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပရာ မြန်မာဘော်လီဘောလူမှုရေးအသင်း ဥက္ကဋ္ဌ ဦးရဲနိုင်က အမှုဆောင်အဖွဲ့ ဖွဲ့စည်းရခြင်းနှင့် U-18,U-25 ပြိုင်ပွဲကျင်းပရန်ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာဘော်လီဘောလူမှုရေးအသင်း ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) အတွက် အဖွဲ့ခေါင်းဆောင်တစ်ဦး၊ ဒုတိယအဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်ခုနစ်ဦး စုစုပေါင်းအမှုဆောင်အဖွဲ့ကိုးဦးအား ရွေးချယ်ကြကြောင်းသိရသည်။

အဆိုပါ မြန်မာဘော်လီဘောလူမှုရေးအသင်းအနေဖြင့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)အတွက် အမှုဆောင်အဖွဲ့ကိုးဦးကိုလည်း ဧပြီလ ၆ ရက်က ရွေးချယ်ပေးခဲ့ပြီး ရွှေတောင်မြို့၌ ဧပြီလ ၂၇ ရက်မှ ၂၉ ရက်အထိ U-18 အမျိုးသားအသင်းပြိုင်ပွဲ၊ U-25 အမျိုးသားနှင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများ ကျင်းပပေးခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်နှင့် ခရိုင်၊ မြို့နယ်အားကစားမှူးများ၊ မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များ၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)မှ ဘော်လီဘောဝါသနာရှင်များတက်ရောက်ကြကြောင်းသိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

## တရားဝင် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများအား Facebook Page များနှင့် အင်တာနက်စာမျက်နှာများမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းဆောင်ရွက်သူများအား ထပ်မံအရေးယူဆောင်ရွက်ခြင်း

၁။ အောက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသော နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိကိုင်ဆောင်ထားခြင်းမရှိဘဲ နိုင်ငံခြားငွေများအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဆိုပါအဖွဲ့အစည်းများနှင့်ပါဝင်ပတ်သက်ရောင်းဝယ်နေသူများအား အရေးယူဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပြည်ပမှအဝယ်/အရောင်းဆောင်ရွက်နေသည့် Page များ၊ ဖုန်းနံပါတ်များကို သက်ဆိုင်ရာဗဟိုဘဏ်များသို့အကြောင်းကြား၍ အရေးယူဆောင်ရွက်ရန်ညှိနှိုင်းလျက်ရှိပါသည်။

(က) ငွေဈေးနှုန်းနှင့်ငွေလွှဲဆိုင်
(ခ) Moe Latt
(ဂ) Si Thu & bro များ
(ဃ) ရန်ကုန်ငွေဈေး
(င) ဒေါ်လာဝယ်ရောင်းတိုက်ရိုက် USD Exchange
(စ) ဒေါ်လာရောင်းဝယ်
(ဆ) December Snow
(ဇ) June Lin Htet Naing
(ဈ) Htet Yan Money Exchange
(ည) Global Value Services-GVS Money Exchange and Transfer
(ဋ) Boss Online Money Exchange Services (Family Money Exchange)
(ဌ) Lucky Sky Gold Smith (Facebook Page)
(ဍ) Nay Myo Htet (Facebook Page)
(ဎ) Gold Market Myanmar (Facebook Page)
(ဏ) Ye Mon
(တ) Naing Lu

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့သောအဖွဲ့အစည်းများအား ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း စောင့်ကြည့်အရေးယူသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းများကိုလည်း ပြည်သူလူထုသိရှိရန် ကြေညာထုတ်ပြန်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် တရားဝင်လိုင်စင်ထုတ်ပေးထားပြီး နိုင်ငံခြားငွေများ လဲလှယ်ရောင်းချခွင့်ရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၌သာ လဲလှယ်ရောင်းချဝယ်ယူသွားရန် ထပ်မံအသိပေးအပ်ပါသည်။

၄။ အထက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် တရားမဝင်နိုင်ငံခြားငွေများရောင်းဝယ်၍ ငွေဈေးကစားနေသူများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ တို့အပြင် အများပြည်သူအကျိုးကိုထိခိုက်စေသည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြင့်ပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**၂၆-၅-၂၀၂၄**

❑ **ကျောဖုံးမှအဆက်**

ဒီဂါမြို့(Digha)၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၉၅ မိုင်ခန့်နှင့် ကန်နင်းမြို့ (Canning)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၆၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)" (REMAL)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)"(REMAL)၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါအားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"ရီမယ်(လ်)"(REMAL)သည် ယနေ့ည ၉ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၂၁ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၉ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၇၀ နှုန်းခန့်ဖြစ်ပါသည်။

**နောက်(၁၂)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"ရီမယ်(လ်)"(REMAL)သည် မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး မုန်တိုင်း၏အပြင်ဘက်ဆုံး အဝန်းအဝိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေဒေသများကို စတင်ဖြတ်ကျော်လျက်ရှိပါသည်။ မုန်တိုင်း၏ဗဟိုချက်သည် ညသန်းခေါင်ယံအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ ဆာဂါကျွန်းတို့အကြား ဘင်္ဂလားဒေ့ရှ်နိုင်ငံ မွန်ဂလမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)"(REMAL)၏အရှိန်ကြောင့် ယနေ့ညမှ ၂၇-၅-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"ရီမယ်(လ်)"(REMAL)၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၄၀(င)နှင့် ပုဒ်မ ၆၂ တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေသူနှင့် စီမံခန့်ခွဲသူဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၁၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၀)ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Digital ငွေကြေးများဖြစ်သော Cryptocurrency: Bitcoin(BTC) ၊ Litecoin(LTC)၊ Ethereum(ETH) နှင့် Perfect Money(PM) စသည်တို့အား တရားဝင်ငွေကြေးအဖြစ်သတ်မှတ်ထားခြင်းမရှိသကဲ့သို့ ယင်းကို ရောင်း/ဝယ်လဲလှယ်ခြင်းများဆောင်ရွက်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ခွင့်ပြုထားခြင်းမရှိကြောင်းနှင့် Digital ငွေကြေးများအား Personal Facebook Account များနှင့် Web Page များအသုံးပြု၍ ရောင်း/ဝယ်ခြင်း၊ လဲလှယ်ခြင်းများမပြုလုပ်ရန် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၃။ ယခုအခါ နိုင်ငံတော်အတွင်း USDT အပါအဝင် တရားမဝင် Digital ငွေကြေးများကို ရောင်း/ဝယ်လဲလှယ်ခြင်းများ၊ USDT အသုံးပြု၍ ဟွန်ဒီလုပ်ငန်းများ ဆောင်ရွက်နေကြောင်းတွေ့ရှိရပြီး ယင်းသို့ဆောင်ရွက်သူများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ငွေစာရင်းများပိတ်သိမ်းခြင်း၊ တရားစွဲအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အထက်အပိုဒ် (၂)ပါ တားမြစ်ချက်များကို ပါဝင်ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့်ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက ငွေစာရင်းများပိတ်သိမ်းခြင်းအပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရလည်းကောင်း ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

ရန်ကုန် မေ ၂၆

## မိုးရာသီအလွတ်တန်းဖိတ်ခေါ် ကွင်းတွင်းစက်ဘီးပြိုင်ပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးစက်ဘီးဆပ်ကော်မတီတို့ ပူးပေါင်းပြုလုပ်သည့် မိုးရာသီအလွတ်တန်းဖိတ်ခေါ်ကွင်းတွင်းစက်ဘီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏစက်ဘီးကွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီအလွတ်တန်းဖိတ်ခေါ် ကွင်းတွင်းစက်ဘီးပြိုင်ပွဲတွင် မီတာ ၈၀၀ အုပ်စုတစ်ဦးချင်း၊ မီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်း၊ နောက်ကျန်ထွက်၊ မီတာ ၄၀၀၀ အသင်းလိုက်၊ မီတာ ၁၂၀၀ အသင်းလိုက် (Olympic Sprint)အုပ်စုတစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကျင်းပခဲ့ကြောင်းသိရသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးစက်ဘီးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရှိ စက်ဘီးအားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ဇွန်လတွင်လည်း လျှော်ကားကန်ပတ်လမ်း(MTB) စက်ဘီးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ သိရသည်။

**ဝန်းရံခ**

ဗန်းမောက်၊ စိုက်ပျိုးရေး

# ဗန်းမောက်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၁၂၅၅ ဧက နုတ်သိမ်းပြီးစီး



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၁၂၅၅ ဧက နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗန်းမောက်မြို့နယ်၌ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ နုတ်သိမ်းခဲ့ကြရာ လက်ရှိအချိန်ထိ ၁၁၂၅၅ ဧက နုတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး တစ်ဧကလျှင် ၇၀ ဒသမ ၃၈ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ်မှာ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၁၂၅၅ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိမှာ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မြေပဲကို မိုးရာသီမှာထက် ဆောင်းရာသီမှာ အများဆုံးစိုက်ပျိုးကြပါတယ်" ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးကပြောသည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗန်းမောက်မြို့နယ်၌ မြေပဲ ၄၂၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလအထိ စိုက်ပျိုးခဲ့ကြရာ ၁၁၂၅၅ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ဗန်းမောက်မြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ရယူခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(၄၀၉)**

---

ရန်ကုန်၊ သဘာဝဘေးအန္တရာယ်

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် စုဖွဲ့လေ့ကျင့်ခြင်း သရုပ်ပြခြင်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် အမှတ်(၁)ရပ်ကွက် မင်္ဂလာလမ်းရှိ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် စုဖွဲ့လေ့ကျင့်ခြင်း၊ သရုပ်ပြခြင်းအခမ်းအနားကို မေလ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်က တက်ရောက်လာသူများအား သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့က ဇာတ်တိုက်လေ့ကျင့်မှုများကို သရုပ်ပြခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့်အဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။



အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအသင်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

---

မင်းလှ၊ အသိပညာပေး

# မင်းလှမြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးရေး တောင်သူနည်းပညာပေး ဆွေးနွေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့မှ ဆီထွက်သီးနှံစိုက်ပျိုးရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို မေလ ၂၅ ရက်က ရွာတော်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာမမွာရုံတို့၌ ဆောင်ရွက်သည်။

အဆိုပါတောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က မိုးသီးနှံလျာထားဧကပြည့်မီအောင်စိုက်ပျိုးကြရန်၊ ဆီထွက်သီးနှံအထူးဇုန်ဖြစ်၍ မိုးနှမ်း၊ မိုးမြေပဲ၊ မိုးနေကြာအပြည့်အဝစိုက်ပျိုးကြရန်၊ ကျောင်းအပ်လက်ခံခြင်းများ စတင်နေပြီဖြစ်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပညာရေးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းနှင့် မိုးနှမ်းစိုက်ပျိုးရာတွင် သီးနှံသက်တမ်းအလိုက် ဆောင်ရွက်ရမည့် အပင်ပြုစုစောင့်ရှောက်နည်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုန်းကြီးကျေးရွာရှိ တောင်သူဦးဝင်းဘို စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စာစာ(အထက်မင်းလှ)**

---

တနင်္သာရီ၊ အားကစား

# တနင်္သာရီမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၀ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ၂၀၂၄ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၀ နှစ်အောက် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို မေလ ၂၅ ရက်က မြို့နယ်အားကစားခန်းမအတွင်း ကျင်းပကြောင်း သိရသည်။

အဆိုပါဗိုလ်လုပွဲတွင် အုပ်စု(က) မှ ချောင်းကြီးရပ်ကွက်အသင်းနှင့် အုပ်စု(ခ)မှ ရွှေလိပ်ပြာအသင်းတို့ ယှဉ်ပြိုင်ကြရာ ချောင်းကြီးရပ်ကွက်အသင်းက ၅ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

ယင်းနောက် ပထမဆုရရှိသည့် ချောင်းကြီးရပ်ကွက်အသင်းမှ အားကစားသမားတစ်ဦးချင်းစီအား ဆုတံဆိပ်များနှင့် ငွေသားဆု၊ တံခွန်စိုက်ဒိုင်းဆုတို့ကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဆုရရှိသည့် ရွှေလိပ်ပြာအသင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တတိယဆုရရှိသည့် ချောင်းငယ်ရပ်ကွက်အသင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်ကျော်ခေါင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒိုင်လူကြီးများအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

ဆက်လက်ပြီး အကောင်းဆုံးအားကစားသမားဆုရရှိသည့် ချောင်းကြီးရပ်ကွက်အသင်းမှ ကျောနံပါတ်(၇)အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆုရရှိသူ ချောင်းကြီးရပ်ကွက်အသင်းမှ ကျောနံပါတ်(၁၀) အား မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲထွန်းလွင်ကလည်းကောင်း ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

ပဲခူး မေ ၂၆

# တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)ကျင်းပ



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄) ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် ခရိုင်/မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)နှင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးတို့က သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆောင်ရွက်နေမှုနှင့် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေများ အသိပညာပေးဆောင်ရွက်နေမှုအခြေအနေများအားရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်း၏တင်ပြချက်များနှင့်ပတ်သက်၍ အသေးစိတ်ပြန်လည်မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

နေပြည်တော် မေ ၂၆

# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါ်လ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။





မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၂၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါ်လ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၃)လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Dextrose Monohydrate D-Glucose အမှုန့်ကီလိုဂရမ် (၅၀၀)၊ Textile Emulsion ကီလိုဂရမ် (၁၀၀၀၀)နှင့် ယာဉ်အပိုပစ္စည်း MBG Universal Joint (၂၆၄၃၅) ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၅၇၉၉၀) ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်လုပ်ငန်းသုံးပစ္စည်း Switch & Socket အခု(၂၉၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၅၇၉၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၂၄ ရက်**တွင် ရတနာပုံတံတား (မန္တလေး) ပူးပေါင်းစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မြစ်ကြီးနားမြို့သို့ မောင်းနှင်လာသော ဆီသယ်ယာဉ် (၁)စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် (၃၀၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် ဆီသယ်နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **မေလ ၂၅ ရက်**တွင် ရွှေကျင်စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ အင်းတော်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် (၄၆၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၂၈၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီးနှင့် စက်မှုဇုန်ထုတ် Shwe Chan Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၉၆၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၁၂၅၇၉၉၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၅ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၃၀ | ၂၇၄၀ | ၃၁၅၀ | ၃၇၅၀ |
| 95 Ron | ၂၇၃၅ | ၂၈၁၀ | ၂၇၉၀ | ၂၇၄၀ | ၂၈၁၀ | ၂၈၂၅ | ၂၈၃၅ | ၂၇၉၀ | ၂၉၂၀ | ၂၉၅၀ | ၂၈၀၀ | ၂၈၁၅ | ၂၈၄၅ | ၂၈၃၅ | ၂၈၅၀ | ၃၂၅၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၃၃၅ | ၂၄၁၅ | ၂၃၉၀ | ၂၃၄၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၄၀ | ၂၃၉၅ | ၂၅၂၅ | ၂၅၅၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၈၆၀ | ၃၈၀၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၉ | ၂၅၇၂ |
| 95 Ron | ၂၅၉၄ | ၂၆၈၀ |
| HSD (500 ppm) | ၂၂၀၉ | ၂၂၈၂ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မန်ချက်စတာ၊ ဘောလုံး

## အက်ဖ်အေဖလားချန်ပီယံဆုကို (၁၃) ကြိမ်မြောက် မန်ယူအသင်းဆွတ်ခူးနိုင်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရရှိ

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်အဖြစ် မေလ ၂၅ ရက် ညပိုင်းက မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ယှဉ်ပြိုင်ကစားရာ မန်ယူအသင်းက ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားချန်ပီယံဆုကို (၁၃)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း မန်ယူအသင်းက တန်ပြန်တိုက်စစ်များမှတစ်ဆင့် အကောင်းဆုံး ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၃၀ တွင် ဂါနာချိုနှင့် ပွဲချိန် ၃၉ မိနစ်တွင် ကိုဘီမိုင်နူးတို့က မန်ယူအသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး မန်စီးတီးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ဒိုကူက သွင်းယူပေးခဲ့သည်။




မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့သည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်တွင်ပင် တွေ့ဆုံခဲ့ပြီး မန်စီးတီးအသင်းက ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဘောလုံးရာသီတွင် မန်ယူအသင်းက ရှုံးကြွေးပြန်ဆပ်ကာ ချန်ပီယံဆုဖလားကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဆင့်(၆)နေရာဖြင့် ရာသီသိမ်းနိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းသည် မန်ယူအသင်း အက်ဖ်အေဖလားချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲမှ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲသို့ရောက်ရှိခဲ့ကာ အဆင့်(၇) နေရာဖြင့် ရာသီသိမ်းပြီး ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် နယူးကာဆယ်အသင်းအတွက် ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ရသည်။ မန်ယူအသင်းသည် အက်ဖ်အေဖလားချန်ပီယံဆု (၁၄) ကြိမ်ဆွတ်ခူးထားသည့် အာဆင်နယ်အသင်းကိုလိုက်မီရန် တစ်ကြိမ်သာလိုတော့ကြောင်း သိရသည်။

*Ref;Fotmob.com*

မက်ဒရစ်၊ ဘောလုံး

## ဘာစီလိုနာအသင်းနှင့် လမ်းခွဲမည့် နည်းပြဇာဗီကို ဥရောပထိပ်တန်းကလပ် အသင်းလေးသင်းက ပစ်မှတ်ထားနေ

ဘာစီလိုနာအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲမည့် နည်းပြ ဇာဗီကို ဥရောပထိပ်တန်းကလပ်အသင်းလေးသင်းဖြစ်သည့် အေစီမီလန်အသင်း၊ ချယ်လ်ဆီးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်ယူအသင်းတို့က ကမ်းလှမ်းရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ဘာစီလိုနာအသင်းနှင့် နည်းပြဇာဗီတို့သည် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း နည်းပြဇာဗီကိုယ်တိုင်က စာချုပ်ဖျက်သိမ်းကာ အသင်းနှင့် လမ်းခွဲကြောင်းကို တရားဝင်ကြေညာခဲ့ပြီးနောက် အဆိုပါကလပ်အသင်းလေးသင်းက ကမ်းလှမ်းရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်း၊ အေစီမီလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် သက်ဆိုင်ရာနည်းပြများနှင့်လမ်းခွဲပြီးနောက် နည်းပြလက်မဲ့ဖြစ်နေပြီး ဘိုင်ယန်မြူးနစ်အသင်းက နည်းပြကွန်ပနီကို ခန့်အပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း တရားဝင်ကြေညာခြင်းမရှိသေးသည့်အတွက် နည်းပြသစ်အဖြစ် ဇာဗီကို ခန့်အပ်နိုင်ရန်အတွက် အဆိုပါကလပ်အသင်းလေးသင်းက အပြိုင်ကမ်းလှမ်းရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

*Ref;Marca*

ဝါရှင်တန်၊ ဘောလုံး

## ဆန်တီယေဂိုအသင်းက မန်စီးတီးအသင်းမှ ဒီဘရိုင်းအပြင် ဝါရင့်ကစားသမားများဖြစ်သည့် နာဗက်နှင့် ရာမို့စ်တို့ကိုလည်း ခေါ်ယူရန်ပြင်ဆင်

မေဂျာလိဂ်ကလပ် အသင်းတစ်သင်းဖြစ်သည့် ဆန်တီယေဂိုအသင်းသည် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဒီဘရိုင်းအပြင် ပီအက်စ်ဂျီအသင်းမှ ဂိုးသမား နာဗက်နှင့် ဆီဗီလာအသင်းမှ ခံစစ်ကစားသမား ရာမို့စ်တို့ကိုလည်း ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ဆန်တီယေဂိုအသင်းသည် အသင်းပုံရိပ်ကိုမြှင့်တင်သည့်အနေဖြင့် ဥရောပမှ ထိပ်တန်းကစားသမားများကို မြင့်မားသည့်လုပ်ခလစာများဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိပြီး ပြီးခဲ့သည့်ရက်ပိုင်းကလည်း ဒီဘရိုင်းကို ခေါ်ယူရန် တရားဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆန်တီယေဂိုအသင်းသည် အသင်းကို ၂၀၂၃ ခုနှစ် မေလက စတင်တည်ထောင်ခဲ့ပြီးနောက် မေဂျာလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အသင်းသက်တမ်းမှာ တစ်နှစ်ကျော်သာရှိသေးသော်လည်း အသင်းပိုင်ရှင်များက ဒေသတွင်းပြိုင်ဘက် အင်တာမိုင်ယာမီအသင်းကဲ့သို့ ထိပ်တန်းကစားသမားများကို ခေါ်ယူပြီး အသင်းကို အသင်းကြီးတစ်သင်းဖြစ်အောင် တည်ဆောက်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ဂိုးသမား နာဗက်နှင့် ရာမို့စ်တို့မှာ လာမည့်ဇွန်လအကုန်တွင် သက်ဆိုင်ရာကလပ်အသင်းများနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် အခြေအနေကြောင့် ဆန်တီယေဂိုအသင်းက ၎င်းတို့နှစ်ဦးကို မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;The Athletic*

မက်ဒရစ်၊ ဘောလုံး

## ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းက လိုင်ယွန်အမျိုးသမီးအသင်းကိုအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူး

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မေလ ၂၅ ရက် ညပိုင်းက စပိန်နိုင်ငံ ဘီလ်ဘာအိုမြို့တွင် ဘာစီလိုနာအမျိုးသမီးအသင်းနှင့် လိုင်ယွန်အမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာအမျိုးသမီးအသင်းက ၂ ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအမျိုးသမီးအသင်းသည် ချယ်လ်ဆီးအမျိုးသမီးအသင်းကို နှစ်ကျော့ပေါင်း ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ လိုင်ယွန်အမျိုးသမီးအသင်းသည်လည်း ဒေသတွင်းပြိုင်ဘက် ပီအက်စ်ဂျီအမျိုးသမီးအသင်းကို နှစ်ကျော့ပေါင်း ၅ ဂိုး- ၃ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။

အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၃ မိနစ်တွင် ဘွမ်မာတီနှင့် ပွဲချိန် ၉၅ မိနစ်တွင် ပူတဲလက်စ်တို့ တစ်ဂိုးစီဂိုးသွင်းနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် ၂ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို သုံးကြိမ်ဆက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအမျိုးသမီးအသင်းသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီနှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတို့တွင် ဗိုလ်လုပွဲစဉ်၌ လိုင်ယွန်အမျိုးသမီးအသင်းကို နှစ်ကြိမ်စလုံးရှုံးနိမ့်ပြီး ယခုဘောလုံးရာသီတွင် ပြန်လည်အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;B/R Football*




ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက်
စာရင်းရှင်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အညီအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များပေါကြွယ်ဝခြင်းပင်ဖြစ်. . .

❖ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများမဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရကဆောင်ရွက်ပေးရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

---


# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း“ရီမယ်(လ်)”(REMAL)၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၆

**အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “ရီမယ်(လ်)”(REMAL)အခြေအနေ**

ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm)“ရီမယ်(လ်)” (REMAL)သည် မြောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ မောင်တောမြို့ (Maung-daw)၏အနောက်- အနောက်မြောက်ဘက် ရေမိုင် ၁၈၀ မိုင်ခန့်၊ စစ်တွေမြို့(Sittwe)၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၂၀ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့ (Khepupara)၏ အနောက်တောင်ဘက် ရေမိုင် ၆၅ မိုင်ခန့်၊ မွန်ဂလမြို့ (Mongla)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဆာဂါကျွန်း (Sagar Island)၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၆၅ မိုင်ခန့်၊ **စာမျက်နှာ ၂၆ ကော်လံ ၁** ❑

၂၆-၅-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၂၁:၃၀ )နာရီအချိန် တိုင်းထွာချက်အရ
အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ရီမယ်(လ်) (REMAL) ခန့်မှန်းလမ်းကြောင်းပြမြေပုံ




---

ဆောင်းပါး

**သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး**

စာ - ၁၃ သို့

---



**ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံရေး မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

စာ - ၂၄ သို့

---

**တရားဝင် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများအား Facebook Page များနှင့် အင်တာနက်စာမျက်နှာများမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းဆောင်ရွက်သူများအား ထပ်မံအရေးယူဆောင်ရွက်ခြင်း**

စာ - ၂၆ သို့

**အရှေ့တောင်အာရှဂျူနီယာချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်အားကစားအဖွဲ့က ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ် တစ်ခုဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်ခဲ့**

စာ - ၁၅ သို့

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar